# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၃ ခုနှစ် ၊နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၃၂၅) ၊ ၁၃၈၆ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက် ၊ ၂၅-၁၀-၂၀၂၄ ၊ သောကြာနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံသို့ တက်ရောက်ခဲ့သည့် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံး အမှုဆောင်ဒါရိုက်တာတို့ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံသို့ တက်ရောက်ခဲ့သည့် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံး အမှုဆောင်ဒါရိုက်တာတို့ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သည့် (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံသို့ တက်ရောက်ခဲ့သည့် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံး အမှုဆောင်ဒါရိုက်တာတို့ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၄**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ ဧလ**

## ယနေ့ ဖတ်စရာအညွှန်း


**ရာဖင်ဟာ ဘာစီလိုနာအသင်းကစားသမားဘဝ ပြိုင်ပွဲစုံ ပွဲ ၁၀၀ ပြည့်မြောက်**

စာမျက်နှာ ၁၁

**အမည်ကိုဆန် နေရပ်ပြန်တော့ နဘံမိုးလုံး ခြိမ့်လို့ကျော်(ဆောင်းပါး)**

စာမျက်နှာ ၁၇

၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက် ၊ သောကြာနေ့ ။

မန္တလေး နေ့စဉ်

# မဟာဘုံကထိန်ခင်းအလှူတော်

ကထိန်သင်္ကန်းအား သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်အထိ တစ်လအတွင်း ကပ်လှူကြရသည်။ ကထိန်ခင်းသည့် အစဉ်အလာသည် ရှေးမြန်မာမင်းများ လက်ထက်ကတည်းကရှိခဲ့သော အစဉ်အလာတစ်ရပ်ဖြစ်သည်။ သံဃာအား လှူဒါန်းသော ကထိန်သင်္ကန်းကို သင်္ကန်းမရှိသည့် ရဟန်းအား ဦးစားပေးရွေးချယ်လှူဒါန်းခြင်းလည်းဖြစ်သည်။ ရဟန်းအားလုံးသင်္ကန်းများ ပြည့်စုံလျှင် ဝါအကြီးဆုံး မထေရ်ကို ပေးလှူရသည်။ သိမ်ဝင်၍ ဉတ်ကမ္မဝါဖတ်ပြီး ကထိန်ခံထိုက်သော ရဟန်းကို ပေးရသည့်အတွက် ကထိန်သင်္ကန်းကို "ဉတ်သင်္ကန်း"ဟု ခေါ်သည်။ မြန်မာတို့သည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကိုးကွယ်ကြသူများဖြစ်သည်နှင့်အညီ ရှေးက မိဘဘိုးဘွားများ လက်ဆင့်ကမ်းခဲ့သော ကထိန်သင်္ကန်းဆက်ကပ်ခြင်းကို ယနေ့ခေတ်တွင် ဆက်လက်ပြုလုပ်လျက်ရှိသည်။

ကထိန်ခင်းခွင့်ရခြင်းသည် သံဃာတော်များရှိနေ၍ လှူဒါန်းမှုပြုရခြင်းဖြစ်သည်။ လှူဒါန်းရခြင်းကြောင့် ကုသိုလ်ရရှိနေခြင်းဖြစ်ပေရာ ဗုဒ္ဓဘာသာဝင်တိုင်းသည် လှူဒါန်းမှုတစ်ခုခုပြီးမြောက်လေတိုင်း စိတ်တွင်ဝမ်းသာကြည်နူးပီတိထူးဖြစ်ကြရသည်။ မဟာဘုံကထိန်ခင်းလှူသောကြောင့် ကထိန်ခင်းခံရသော ရဟန်းတော်များ၌ ခံစားရမည့် အာနိသံသ အကျိုးဆက် ငါးပါးရှိသည်။ ထိုအကျိုးငါးပါးမှာ ထင်ရှားရှိသော ရဟန်းတို့အား မပန်ကြားမူ၍ မြို့တွင်း၊ ရွာတွင်း ဆွမ်းဖိတ်ရာအိမ်သို့ သွားနိုင်ခြင်း၊ အဓိဋ္ဌာန်တင်ပြီး ဆောင်အပ်သော သင်္ကန်းကိုမယူမူ၍ သွားနိုင်၊ နေနိုင်ခြင်း၊ သင်္ကန်းကို အလိုရှိတိုင်း အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ ဝတ်ရုံသုံးဆောင်နိုင်ခြင်း၊ ထမင်းစားကြွပါ စသည်ဖြင့် ဒါယကာတို့က မအပ်သော ဖိတ်ခြင်းရှိသော ဂဏဘောဇဉ်ကို စားနိုင်ခြင်း အစရှိသည်တို့ကို ရဟန်းတို့သာ ခံယူနိုင်ခြင်းတို့ပင်ဖြစ်လေသည်။

ကထိန်ခင်းရန်အတွက် မြတ်ဘုရားရှင် ခွင့်ပြုတော်မူသော သင်္ကန်းသုံးထည်မှာ (၁) ဒုကုဋ် ခေါ် နှစ်ထပ်သင်္ကန်းကြီး၊ (၂) ကိုယ်ဝတ် ခေါ် ကေသီ၊ (၃) ခါးဝတ် ခေါ် သင်းပိုင်တို့ပင်ဖြစ်သည်။ လှူဒါန်းမှုတစ်ခုခုပြုလုပ်တိုင်း လှူဒါန်းမှုပြုသူနှင့် အလှူခံပုဂ္ဂိုလ်တို့တွင် ကြီးစွာသော ကုသိုလ်များ ရရှိကြသည်။ ပေးကမ်းလှူဒါန်းခြင်းကို ဒါနဟု ခေါ်ပေရာ ဤဒါနသည် စေတနာဒါန၊ ဝတ္ထုဒါနဟု နှစ်မျိုးရှိလေသည်။ အဝတ်အစားစသည့် လှူဖွယ်ဝတ္ထုပစ္စည်းသည် ဝတ္ထုဒါနဖြစ်သည်။ ထိုအလှူဒါနနှင့်စပ်၍ အလှူရှင်သန္တာန်ဖြစ်ပေါ်သည့် စေတနာကို စေတနာဒါနဟု ခေါ်ဆိုပေသည်။

ဆရာတော်၊ သံဃာတော်များ၏ ဟောကြားတော်မူသော တရားတော်အရ အလှူတစ်ခုတွင် စေတနာဒါနကသာ အကျိုးပေးသည်။ လှူဖွယ်ဝတ္ထုပစ္စည်းများသည် စေတနာထက်သန်အောင် အထောက်အပံ့ပြုနိုင်ကြသည်။ လှူဖွယ်ပစ္စည်းက ညောင်စေ့လောက် နည်းသော်လည်း စေတနာထက်သန်လျှင် ညောင်ပင်ကြီးလောက် အကျိုးရနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ စေတနာထက်သန်စွာ လှူဒါန်းနေသော မဟာဘုံကထိန်အလှူတော်သည် နတ်ပြည်၏ စောင်းတန်းလှေကားဖြစ်ပြီး မြတ်သောရိက္ခာထုပ်ဖြစ်သည်။ မြတ်သော မဂ်ဖိုလ်နိဗ္ဗာန်၏ အကြောင်းလည်းဖြစ်ရာ လှူဒါန်းမှုအစုစုအတွက် သာဓုခေါ်နိုင်ကြပါစေကြောင်း ရေးသားလိုက်ရပေသည်။

# TECNO ဖုန်းပြိုင်ပွဲ မြန်မာနိုင်ငံမှ ဆုများစွာ ရရှိ

**မန္တလေး အောက်တိုဘာ ၂၄**

2024 TECNO Shot on CAMON ပြိုင်ပွဲတွင် နိုင်ငံတကာမှ ဓာတ်ပုံပညာရှင်များ



Master Award ဆုရ ကျော်ကျော်ဝင်း၏ ဆုရဓာတ်ပုံအားတွေ့ရစဉ်။

ဝင်ရောက်ယှဉ်ပြိုင်ကြရာ မြန်မာနိုင်ငံမှ ဆုများစွာ ရရှိကြသည်။

အဆိုပါပြိုင်ပွဲတွင် Colorful ခေါင်းစဉ်၊ Super Night ခေါင်းစဉ်၊ Poetic Porfrait ခေါင်းစဉ်၊ Creative Perspective ခေါင်းစဉ်နှင့် Life in Motion ဗီဒီယိုအတိုပြိုင်ပွဲများ ဖိတ်ခေါ်ခဲ့ရာ မြန်မာနိုင်ငံမှ ကျော်ကျော်ဝင်းက Master Award ဆု၊ ရွှေထွန်းက Colorful ခေါင်းစဉ်တွင် Gold Prize ဆု၊ Poetic Porfrait ခေါင်းစဉ်တွင် ပြည့်ဖြိုးအောင်က BRONZE Prize ဆု၊ golden-aurora 7 က SILVER Pize ဆု၊ Creative Perspective ခေါင်းစဉ်တွင် မျိုးမင်းအောင်က Gold Prize ဆု၊ စုစုပေါင်း မြန်မာနိုင်ငံမှ လေးဆု ရရှိကြသည်။

ဆုကြေးငွေများမှာ Master Award ဆု အမေရိကန်ဒေါ်လာ ၅၀၀၀၊ Gold Prize ဆု အမေရိကန်ဒေါ်လာ ၃၀၀၀၊ Silver Prize ဆု အမေရိကန်ဒေါ်လာ ၂၀၀၀၊ Bronze Prize ဆု အမေရိကန်ဒေါ်လာ ၁၀၀၀ စီ ချီးမြှင့်သွားမည်ဖြစ်သည်။ Master Award ဆုရရှိသူ ကျော်ကျော်ဝင်းသည် အင်္ဂလန်နိုင်ငံသို့ ခရီးစရိတ်ငြိမ်းဖြင့် သွားရောက်၍ ဆုပေးပွဲအခမ်းအနားကို တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

(၀၉၁)

# ပုသိမ်ကြီးမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများအား ပြပွဲ၊ပြိုင်ပွဲများ ကျင်းပ

**ပုသိမ်ကြီး အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ Community Centre ပံသုကျီခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ကျောင်းသား၊ ကျောင်းသူများအား စာပေဗဟုသုတအပြင် အခြားအသိပညာများ ရရှိစေရန် ရည်ရွယ်၍ စိတ်ကြိုက်ပန်းချီ၊ ကဗျာရွတ်၊ ပုံပြင်ပြော စသည့် ပြပွဲ၊ပြိုင်ပွဲများ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇင်မင်းထွန်း၏ ဦးဆောင်မှုဖြင့် တက်ရောက်လာသည့် အထက ပုသိမ်ကြီး Grade- 7 ကျောင်းသား၊ ကျောင်းသူများအား စာစီစာကုံး၊ ပုံပြော၊ ကဗျာရွတ်၊ စိတ်ကြိုက်ပန်းချီ ဆေးရောင်ခြယ် စသည့် ပြိုင်ပွဲများအပြင် စာအုပ်၊စာစောင်ပြပွဲ၊ စာဖတ်ဝိုင်း စသည့်တို့ကို ကျင်းပပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အထက ပုသိမ်ကြီး အလယ်တန်းပြ ဆရာမ ဒေါ်ခင်ခင်ဝင်းနှင့် Grade -7 ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ယနေ့ ကျင်းပခဲ့သော ပြိုင်ပွဲများမှာ နံရံကပ်စာစောင် ပြပွဲ၊ စာအုပ်ပြပွဲ၊ ပုံပြင်ပြော၊ ဆေးရောင်ခြယ်၊ စာဖတ်ဝိုင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၀၉၅)



# ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း အသိပညာပေးဟောပြော

**ကျောက်ဆည်၊ အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ အေးမြကြည်လင်ရပ်ကွက်တွင် ယမန်နေ့ ညနေ ၄ နာရီက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း အသိပညာပေးဟောပြောပွဲ၊ ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။



အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်နှင်းနှင်းသူက ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါသည် ဝမ်းရောဂါဖြစ်ပွားစေသော ရောဂါပိုးများပါရှိသည့် မသန့်ရှင်းသော ရေနှင့် အစားအစာများ စားသောက်မိရာမှ တစ်ဆင့်ကူးစက်ခြင်းဖြစ်ကြောင်း၊ ရာသီမရွေး ဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန် ဆောင်းအကူးကာလများတွင် အဖြစ်များကြောင်း၊ ရောဂါမဖြစ်ပွားစေရေး အစာမစားမီနှင့် အစားအစာမပြင်ဆင်မီအချိန်၊ အညစ်အကြေးနှင့် အမှိုက်များ ကိုင်တွယ်ပြီးချိန်၊ အိမ်သာမှဆင်းချိန်တို့တွင် လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာ စနစ်တကျဆေးကြောရန်၊ တစ်ကိုယ်ရေ သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ရန်၊ ယင်လုံအိမ်သာများကို ရာနှုန်းပြည့်သုံးစွဲကြရန်၊ ရေကို ကျိုချက်၍ သောက်သုံးရန်၊ အစားအစာများကို ကျက်အောင်ချက်ပြီးမှ စားသုံးရန်၊ အစားအစာများကို ယင်မနားအောင် လုံခြုံစွာဖုံးအုပ်ထားရန်၊ ခြင်၊ ယင်များ မပေါက်ပွားစေရန် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အထူးဂရုပြု ဆောင်ရွက်ကြရန် စသည့် အကြောင်းအရာများအား အသိပညာပေးဟောပြောပြီး ရေသန့်ဆေးပြားများအား အခမဲ့ပေးဝေခဲ့သည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးလင်းထွန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်နှင်းနှင်းသူ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းနှင့် ရပ်မိ၊ ရပ်ဖများက ရပ်ကွက်အတွင်းလှည့်လည်ပြီး ပြည်သူများအား Doxycycline ဝမ်းပျက်ဝမ်းလျှောကာကွယ်ဆေးတိုက်ကျွေးခြင်း၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး ရေတွင်းများတွင် ကလိုရင်းဆေးများ ခတ်ပေးခဲ့ကြောင်း သိရသည်။

(၄၈၅)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

---

☆ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်တွင်းလုံခြုံရေးကို အဓိကတာဝန်ယူရသည့် အဖွဲ့အစည်းဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်များ၏ အခန်းကဏ္ဍသည် အလွန်ကျယ်ပြန့် အရေးကြီး

☆ အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း နိုင်ငံအလိုက် ပူးပေါင်းတိုက်ဖျက်ရမည့် နယ်စပ်ဖြတ်ကျော်မှုခင်းများကို အတူတကွ ပူးပေါင်းတိုက်ဖျက်ဆောင်ရွက်သွားရန် လိုအပ်မည်

☆ နိုင်ငံအလိုက် ရဲတပ်ဖွဲ့ဝင်များအချင်းချင်း အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားခြင်း၊ လက်နက်ခဲယမ်းများ မှောင်ခိုရောင်းချခြင်း၊ အွန်လိုင်းလိမ်လည်မှုများ ဆောင်ရွက်ခြင်းများကို ထိထိရောက်ရောက် တားဆီးနှိမ်နင်းနိုင်မည်

☆ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံသို့တက်ရောက်ခဲ့သည့် ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ ရဲချုပ်များနှင့် အဆင့်မြင့်ရဲအရာရှိကြီးများ၊ အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံး အမှုဆောင်ဒါရိုက်တာတို့ တက်ရောက်ကြသည်။

**ရဲတပ်ဖွဲ့ဝင်များ၏ အခန်းကဏ္ဍသည် အလွန်ကျယ်ပြန့် အရေးကြီး**

ထိုသို့တွေ့ဆုံရာ၌ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်တွင်းလုံခြုံရေးကို အဓိကတာဝန်ယူရသည့် အဖွဲ့အစည်းဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်များ၏ အခန်းကဏ္ဍသည် အလွန်ကျယ်ပြန့်အရေးကြီးကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း နိုင်ငံအလိုက် ပူးပေါင်းတိုက်ဖျက်ရမည့် နယ်စပ်ဖြတ်ကျော်မှုခင်းများကို အတူတကွ ပူးပေါင်းတိုက်ဖျက်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ နိုင်ငံအလိုက် ရဲတပ်ဖွဲ့ဝင်များအချင်းချင်း အတူတကွပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားခြင်း၊ လက်နက်ခဲယမ်းများ မှောင်ခိုရောင်းချခြင်း၊ အွန်လိုင်းလိမ်လည်မှုများ ဆောင်ရွက်ခြင်းများကို ထိထိရောက်ရောက် တားဆီးနှိမ်နင်းနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံမှအိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံသို့ ပါဝင် တက်ရောက်ခဲ့ကြသည့်အတွက်လည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က အာဆီယံရဲအဖွဲ့ညီလာခံများ ကျင်းပပြုလုပ်ခဲ့မှု၊ ရည်ရွယ်ချက်များနှင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံကျင်းပခဲ့မှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့ အတွင်းရေးမှူးရုံး အမှုဆောင် ဒါရိုက်တာတို့က နိုင်ငံအလိုက် တစ်ဦးချင်း မိတ်ဆက်ကြပြီး (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ညီလာခံကျင်းပနေသည့်ကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် ညှိဝတ်ကျေပွန်စွာ စီစဉ်ဆောင်ရွက်ပေးမှုအခြေအနေများ၊ အာဆီယံရဲအဖွဲ့ဝင် နိုင်ငံများအချင်းချင်း လေ့ကျင့်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းနယ်ပယ်များတွင် ပူးပေါင်းတားဆီးနှိမ်နင်းရေး ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံး အမှုဆောင်ဒါရိုက်တာတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---


## သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအား ပြန်လည်ကောက်ခံပေးသွားမည်

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ (၁၅) ရက်နေ့အထိ ကောက်ယူခဲ့ပါသည်။
- အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအနေဖြင့် သန်းခေါင်စာရင်း ပြန်လည်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီထံသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်လာသည့် ပြည်သူများအား ပြန်လည်စာရင်းကောက်ယူပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
- ဖုန်းနံပါတ် - ၀၆၇ - ၄၃၁၀၆၂၊ ၀၆၇ - ၄၃၁၃၅၉၊ ၀၆၇ - ၄၃၁၀၆၇၊ ၀၆၇ - ၄၃၁၃၃၉

သို့လည်း ဆက်သွယ်မေးမြန်းအကြောင်းကြားနိုင်ပါသည်။ (ဗဟိုသန်းခေါင်စာရင်းကော်မရှင်)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ်(၆၀)ပြည့်အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ တန်ဖိုးအထားရဆုံး ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေမည်ဟု မျှော်လင့်ယုံကြည်

## အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် နှစ်နိုင်ငံအကြား ယုံကြည်မှု၊ ချစ်ကြည်မှု၊ အပြန်အလှန်လေးစားမှုနှင့် ကဏ္ဍများစွာတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေရေးတို့အတွက် မြဲမြံသည့်အုတ်မြစ်သဖွယ် လမ်းစဖော်မြှင့်တင်ပေးခဲ့

နေပြည်တော် အောက်တိုဘာ ၂၄

၂၀၂၄ ခုနှစ် အိန္ဒိယ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။



မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူးများနှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့်အဖွဲ့ဝင်များအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပရာ အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (India Technical and Economic Cooperation) ITEC ဆိုင်ရာ Video Clip ကို ဖွင့်လှစ်ပြသသည်။

### နှုတ်ခွန်းဆက်စကားပြောကြား

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် အိန္ဒိယနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (India Technical and Economic Cooperation) ITEC ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ဦးစွာရှင်းလင်းပြောကြားပြီး ယခုကျင်းပသည့် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ်(၆၀)ပြည့်အထိမ်းအမှတ် အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့ကိုယ်တိုင် တက်ရောက် ချီးမြှင့်ပေးသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ချီးမြှင့်ပေးခြင်းသည် မြန်မာနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေး တိုးတက်မှုတို့တွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးကြောင်းကို ဖော်ပြခြင်းပင်ဖြစ်ပါကြောင်း၊ မကြာမီက မြန်မာနိုင်ငံတွင် သီတင်းကျွတ်ပွဲတော်ကို ကျင်းပခဲ့ပြီး လာမည့်ရက်သတ္တပတ်အတွင်း၌လည်း မိမိတို့အိန္ဒိယနိုင်ငံ၌ ဒီပါဝလီပွဲတော်ကို ကျင်းပမည်ဖြစ်ကြောင်း၊ ထိုပွဲတော်နှစ်ရပ်လုံးမှာ မီးထွန်းပွဲတော်များဖြစ်ပြီး တစ်ခုနှင့်တစ်ခု ရောင်ပြန်ဟပ်သကဲ့သို့ အိန္ဒိယနှင့် မြန်မာလူမျိုးများ အတူတကွ ပေါင်းစည်းထားသည့် ဆွေမျိုးရင်းချာပမာ ရင်းနှီးသောဆက်ဆံရေး၏ရောင်ပြန်ဟပ်မှုတစ်ခုပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မီးထွန်းပွဲတော်များ၏ ဖြစ်တည်မှုစိတ်ဓာတ်ဖြင့် သမိုင်းဝင်ပြီး အားရဖွယ်ကောင်းသည့် ယခုအခမ်းအနားသည် မိမိတို့၏ ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေကာ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ပိုမိုနီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုလမ်းကြောင်းကို ဆက်လက်ထွန်းလင်းစေပါကြောင်း၊ အိန္ဒိယ-မြန်မာ ချစ်ကြည်ရင်းနှီးမှု အခွန့်ရှည်ပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပသည့် ယနေ့အခမ်းအနားတွင် မိမိအနေဖြင့် အထူးဧည့်သည်တော်အဖြစ် တက်ရောက်အမှာစကား ပြောကြားရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ အိန္ဒိယနည်းပညာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်သည် အိန္ဒိယနိုင်ငံ၏ အသိပညာမျှဝေမှု၊ မိတ်ဖက်ထူထောင်မှု၊ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေး ပိုမိုရရှိရန်အတွက် လူ့စွမ်းအား အရင်းအမြစ်ပျိုးထောင်မှုမှ တစ်ဆင့် ဆောင်ရွက်မှုတို့အပေါ် ထားရှိသည့်သန္နိဋ္ဌာန်ကို ညွှန်ပြသည့် အမှတ်တံဆိပ်တစ်ခုအဖြစ် ကာလရှည်ကြာစွာ ရပ်တည်ဆောင်ရွက်နေသည့် အစီအစဉ်ကောင်းတစ်ခုဖြစ်သည်ကို ပြောကြားလိုကြောင်း။

### အားရဝမ်းမြောက်ဖွယ်တွေ့ရှိရ

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံသံတမန် ဆက်ဆံရေးသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ သမိုင်းကြောင်း တစ်လျှောက် နှစ်နိုင်ငံအကြား အလွန်ထူးခြားသည့် ဆက်ဆံရေးနှင့် နီးကပ်သည့်ပူးပေါင်းဆောင်ရွက်မှုများကို လွတ်လပ်ရေးရရှိသည့် အချိန်မှစပြီး ထူထောင်ထားရှိနိုင်ခဲ့သည်ကို အားရဝမ်းမြောက်ဖွယ်တွေ့ရှိရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်း ရှည်လျားစွာထိစပ်နေသည့် တစ်ခုတည်းသော အရှေ့တောင်အာရှနိုင်ငံ ဖြစ်ကြောင်း၊ အိန္ဒိယအရှေ့မြောက်ဘက်တွင် ကုန်းတွင်းနယ်နိမိတ်ထိစပ်နေသကဲ့သို့ ဘင်္ဂလားပင်လယ်အော်တွင် ရေနယ်နိမိတ်ပါ ထိစပ်နေသည့်နိုင်ငံ ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ၏ "အိမ်နီးချင်းဦးစားပေးဝါဒ (Neigh - bourhood First Policy)"နှင့် "အရှေ့နှင့် ထိတွေ့ဆက်ဆံရေးမူဝါဒ (Act East Policy)" တို့၏ ဆုံမှတ်တွင်တည်ရှိနေသည့် တစ်ခုတည်းသောနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ သံခင်းတမန်ခင်းတွင် အင်ဒို-ပစိဖိတ်ဒေသတွင်းအဓိကကျသည့် အခန်းကဏ္ဍက ပါဝင်နေကြောင်း၊ ပထဝီဝင်အနေအထားအရ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် အရှေ့တောင်အာရှ ဒေသတို့အကြား အချက်အချာကျသည့် နေရာတွင် တည်ရှိနေပြီး တောင်အာရှနှင့် အရှေ့တောင်အာရှကို ဆက်သွယ်ပေးခြင်းကြောင့် အိန္ဒိယနိုင်ငံအတွက် အရေးပါသည့်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အိန္ဒိယနိုင်ငံတို့အကြား မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် (Quick Impact Projects-QIPs) အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် နားလည်မှုစာချွန်လွှာ လဲလှယ်စဉ်။

စာမျက်နှာ ၅ သို့






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ Ramayana အကဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

■ စာမျက်နှာ ၄ မှ

အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ် စတင်ထူထောင်မှု၏ နှစ် (၆၀)ပြည့် အခါသမယ အထိမ်းအမှတ်အခမ်းအနား ကျင်းပခြင်းနှင့်အတူ မိမိအနေဖြင့် အစီအစဉ်နှင့်ပတ်သက်သည့် အချက်အချို့ကို ဖော်ပြပြောကြားလိုကြောင်း၊ ယခုအစီအစဉ်ကို ၁၉၆၄ ခုနှစ် စက်တင်ဘာလ ၁၅ ရက်တွင် စတင်ခဲ့ရာမှ ယခုအခါ စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းများကို ကမ္ဘာ့နိုင်ငံပေါင်း ၁၆၀ တို့က ဝန်ထမ်းပေါင်း နှစ်သိန်းကျော်တို့ကို လေ့ကျင့်ပို့ချပေးနိုင်ခဲ့ပြီဟု သိရကြောင်း၊ အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် မြန်မာနိုင်ငံနှင့် ပြည်သူ့ဝန်ထမ်းများ၏ စွမ်းရည်နှင့် ကျွမ်းကျင်မှုမြှင့်တင်ရေးအတွက်လည်း အရေးပါသည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း၊ လွန်ခဲ့သည့် နှစ်များစွာအတွင်း မြန်မာနိုင်ငံ၏ ကဏ္ဍမျိုးစုံမှ ကျွမ်းကျင် ဝန်ထမ်းများအတွက် အကျိုးများစွာ ဖြစ်ထွန်းစေခဲ့ပြီး လေ့ကျင့်ရေး သင်တန်းများကိုလည်း ပို့ချပေးနိုင်ခဲ့ကြောင်း။

အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အောက်မှ ဘာသာရပ်အလိုက် ကာလတို၊ ကာလရှည်၊ မဟာဘွဲ့၊ ပါရဂူဘွဲ့၊ ဘွဲ့လွန်သင်တန်းများနှင့် သုတေသနအစီအစဉ်များ များစွာစီစဉ်ဆောင်ရွက်ပေးနေသည်ကို တွေ့ရကြောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ် စက်တင်ဘာလအထိ ပညာသင်ဆု ၉၀၀ ကျော် ကမ်းလှမ်းခဲ့သည်ဟု သိရှိရသည့်အတွက်လည်း အိန္ဒိယအစိုးရနှင့်တာဝန်ရှိသူများကို ကျေးဇူးတင်ရှိသည်ကို ထပ်မံပြောကြားလိုကြောင်း၊ ထို့ပြင် အိန္ဒိယနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်မှ မြန်မာနိုင်ငံ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းများအတွက် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်တင်ရေး သင်တန်းများကို ယခင်ကပို့ချပေးခဲ့သည်ကိုလည်း သိရှိရကြောင်း။

## အကျိုးများစွာရှိ

အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်မှ ဖွင့်လှစ်ပို့ချသည့်သင်တန်းများကို တက်ရောက်ပြီးမြောက် အောင်မြင်ခဲ့ကြသည့် မိမိတို့၏ ပြည်သူ့ဝန်ထမ်းများ အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အတွက်တစ်တပ်တစ်အား အကျိုးရှိစေမည်ဖြစ်ကြောင်း၊ ယခုအခါ အဆင့်မြင့် တာဝန်များကို ထမ်းဆောင်နေသူများ ရှိလာပြီဖြစ်ကြောင်း၊ ၎င်းတို့တတ်ကျွမ်းမှတ်သားလာသည့် ကျွမ်းကျင်မှုနှင့် အသိပညာများနှင့် သက်ဆိုင်ရာလုပ်ငန်းခွင်များတွင် တီထွင်ကြံဆမှုများနှင့် သုတေသနလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများအတွက် အထောက်အပံ့ များစွာရရှိပြီး အကျိုးများစွာ ရှိသည်ကို ပြောကြားလိုကြောင်း၊ ထို့ပြင် မိမိတို့ မြန်မာ -အိန္ဒိယ နှစ်နိုင်ငံ ဆက်ဆံရေးသည် နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများမှာသာမက အခြားကဏ္ဍများတွင်လည်း တိုးတက်လျက်ရှိပြီး မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန်ကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိခြင်းကြောင့် နှစ်နိုင်ငံ၏ စီးပွားရေးကဏ္ဍအသီးသီးအတွက် အကျိုးပြုလျက်ရှိကြောင်း။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ သတ္တမမြောက်ကုန်သွယ်ဖက်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလကုန်အထိ စုစုပေါင်းကုန်သွယ်မှုပမာဏ အနေဖြင့် အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၁၅၀ ဒသမ ၁၈၁ ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခုအနက် ၂၀၂၄ ခုနှစ် ဇန်နဝါရီလအထိ ရင်းနှီးမြှုပ်နှံမှုစာရင်းအရ အိန္ဒိယနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည်အဆင့်၁၁ တွင်ရှိနေကြောင်း။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏တန်ဖိုးအထားရဆုံး ကုန်သွယ်ဖက် နိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက် တည်ရှိနေမည်ဟု မျှော်လင့်ယုံကြည်မိကြောင်း၊ ယခု အိန္ဒိယနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်သည် နှစ်နိုင်ငံအကြား ယုံကြည်မှု၊ ချစ်ကြည်မှု၊ အပြန်အလှန် လေးစားမှုနှင့် ကဏ္ဍများစွာတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေရေးတို့အတွက် မြဲမြံသည့် အုတ်မြစ်သဖွယ် လမ်းစဖော် မြှင့်တင်ပေးခဲ့သည်ဟုလည်း ဆိုနိုင်ကြောင်း။

## အရေးပါသည့်အင်အားစုဖြစ်

အခွင့်အခါ ကြုံခိုက်တွင် ပြောကြားလိုသည်မှာ ရာဂီတိုင်ဖွန်းမုန်တိုင်း၏ ဆိုးရွားသည့် သက်ရောက်မှုကြောင့် ရေဘေးဒဏ်ခံစားရသည့် ဒေသများမှ ပြည်သူများအတွက် အိန္ဒိယအစိုးရက လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများနှင့်ကယ်ဆယ်ရေးအထောက်အပံ့များကို အလျင်အမြန်ဆုံး လှူဒါန်းပေးခဲ့သည့် အတွက် များစွာ ကျေးဇူးတင်ရှိသည်ကိုပြောကြားလိုကြောင်း၊ အိန္ဒိယနိုင်ငံသည် တကယ့်မိတ်ဆွေကောင်းအဖြစ် အရေးပေါ်အခြေအနေတွင် ကူညီပေးခြင်းသည် ချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်းပီသမှုကို ထင်ဟပ်စေကြောင်း၊ အကယ်၍ မိမိတို့အနေဖြင့် အိန္ဒိယနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အောက်မှ သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများနှင့် ကြိုတင်သတိပေးစနစ်တွင် အသုံးပြုနိုင်မည့် ပထဝီသတင်းအချက်အလက်နှင့် အဝေးအာရုံခံစနစ် (Geographic Information (GIS) and remote sensing) စသည့် နည်းပညာများ ဆိုင်ရာသင်တန်းများ တက်ရောက် လေ့လာပံ့ပိုးမှုများ ရရှိထားခဲ့မည်ဆိုပါက ပျက်စီးဆုံးရှုံးမှုများ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်သည် ကမ္ဘာ့တောင်ဘက်ခြမ်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု (South-South Cooperation) ဆိုသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ အချင်းချင်း ပူးပေါင်း ဆောင်ရွက်မှုအတွက် အရေးပါသည့် အင်အားစုဖြစ်သည်ဟု ရှုမြင်ကြောင်း။

အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏ နှစ် (၆၀) ပြည့် အောင်မြင်မှုကို ဂုဏ်ပြုသည့် ယနေ့အစီအစဉ်မှသည် နောင်လာမည့်နှစ်များတွင် ပိုမိုကြီးမားသော

စာမျက်နှာ ၆ သို့ ■




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ ၂၀၂၄ ခုနှစ် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ် (၆၀) ပြည့် အထိမ်းအမှတ်အခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

* အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်မှ ဖွင့်လှစ်ပို့ချသည့် သင်တန်းများကို တက်ရောက်ပြီးမြောက်အောင်မြင်ခဲ့ကြသည့် မိမိတို့၏ ပြည်သူ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်တပ်တစ်အား အကျိုးရှိစေမည်
* ယခုအခါ အဆင့်မြင့်တာဝန်များကို ထမ်းဆောင်နေသူများရှိလာပြီဖြစ်ကြောင်း၊ ၎င်းတို့ တတ်ကျွမ်းမှတ်သားလာသည့် ကျွမ်းကျင်မှုနှင့် အသိပညာများနှင့် သက်ဆိုင်ရာလုပ်ငန်းခွင်များတွင် တီထွင်ကြံဆမှုများနှင့် သုတေသနလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအတွက် အထောက်အပံ့များစွာရရှိပြီး အကျိုးများစွာရှိသည်ကို ပြောကြားလို

■ စာမျက်နှာ ၅ မှ

အောင်မြင်မှုများရရှိပါစေကြောင်းကို ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း၊ နှစ်နိုင်ငံ အပြန်အလှန်လေးစားမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် တူညီသည့် မျှော်မှန်းချက်များကို အခြေပြုပြီး မိမိတို့ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် အိမ်နီးချင်းကောင်းအဖြစ် ရပ်တည်ဆက်ဆံဆောင်ရွက်ရေးတို့သည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက် ခိုင်မြဲလာမည်ဟု ယုံကြည်ထားပါကြောင်းပြောကြားသည်။

**နားလည်မှုစာချွန်လွှာ လဲလှယ်**

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် အိန္ဒိယနိုင်ငံတို့အကြား မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့်(Quick Impact Projects–QIPs) အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် နားလည်မှုစာချွန်လွှာ လဲလှယ်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ ဒစ်ဂျစ်တယ်မှုခင်းသိပ္ပံဓာတ်ခွဲခန်း အဆင့်မြှင့်တင်ရေးစီမံချက်၊ မြန်မာနိုင်ငံအုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်းအတွက် သင်ကြားရေးအထောက်အကူပြု ပစ္စည်းကိရိယာများ ထောက်ပံ့ပေးခြင်းစီမံချက်၊ မြန်မာနိုင်ငံအလယ်ပိုင်း၊ အပူပိုင်းဒေသရှိ မိုးခေါင်ရေရှားမှုကြုံတွေ့နေရသည့်ကျေးရွာများ၌ ဆိုလာစွမ်းအင်အသုံးပြု၍ ကျေးလက်ရေထောက်ပံ့ရေးစီမံချက်၊ ရန်ကုန်နည်းပညာ တက္ကသိုလ်တွင် အသိဉာဏ်တုဆိုင်ရာ ဓာတ်ခွဲခန်းတည်ဆောက်ခြင်းစီမံချက်၊ မြန်မာ့ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများဖြင့် နှေးကွေးသော Pyrolysis ပြုလုပ်ပြီး ကတ္တရာကင်းစင်ပြီး ခြောက်သွေ့သော ဓာတ်ငွေ့အမျိုးအစား ရေပလတ်စတစ် Pyrolysis ဖြစ်စဉ်များမှရရှိသော လောင်စာများအား ပေါင်းစပ်သုံးစွဲခြင်းဖြစ်စဉ်အား စမ်းသပ်လေ့လာခြင်းစီမံချက် စသည့် နားလည်မှုစာချွန်လွှာများကို မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အိန္ဒိယနိုင်ငံ သံရုံး ဒုတိယအကြီးအကဲတို့က ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur တို့အား သက်သေထား၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ရှေ့မှောက်တွင် လဲလှယ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဆွာမိ ဝိဝေခနန္ဒာ ယဉ်ကျေးမှုစင်တာ (Swami Vivekananda Cultural Centre – SVCC)မှ ကျောင်းသား ကျောင်းသူများ၊ Ramayana အကအဖွဲ့တို့က အိန္ဒိယယဉ်ကျေးမှုအကအလှများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက Ramayana အက၊ မြန်မာ့ရိုးရာအကတို့ဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အိန္ဒိယနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်(India Technical and Economic Cooperation) ITEC သင်တန်းသားဟောင်းများက အတွေ့အကြုံများ မျှဝေရှင်းလင်းကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ် အိန္ဒိယနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ် (၆၀) ပြည့် အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။

# (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံ ပိတ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၄

မြန်မာနိုင်ငံရဲတပ်ဖွဲ့က အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံကို အောက်တိုဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် နေပြည်တော်၌ ကျင်းပလျက်ရှိရာ ညီလာခံပိတ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)၊ ပတ္တမြားခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

ညီလာခံပိတ်ပွဲအခမ်းအနားသို့ အာဆီယံ ရဲအဖွဲ့ဝင်နိုင်ငံများမှ ရဲချုပ်များ၊ အဆင့်မြင့်ရဲအရာရှိကြီးများ၊ ၎င်းတို့၏ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဆွေးနွေးဖက်နိုင်ငံနှင့် အဖွဲ့အစည်းများ (Dialogue Partners)ဖြစ်သည့် ရုရှား၊ ဩစတြေးလျ၊ တရုတ်၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL)နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ၊ လေ့လာဖက်နိုင်ငံနှင့် အဖွဲ့အစည်းများ (Observers)ဖြစ်သည့် တီမောလက်စ်တေ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC) နှင့် အာရပ်စော်ဘွားများ ပြည်ထောင်စု (UAE)တို့မှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ညီလာခံ ပိတ်ပွဲအခမ်းအနားတွင် (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံ၏ ပူးတွဲကြေညာချက်ကို လက်မှတ်ရေးထိုးခြင်း၊ အာဆီယံရဲအဖွဲ့ အထိမ်းအမှတ် ကမ္ဘည်းပြားကို (၄၃)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ညီလာခံအား အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ထိုင်းတော်ဝင်ရဲအဖွဲ့သို့ လွှဲပြောင်းပေးခြင်း၊ ထိုင်းတော်ဝင်ရဲအဖွဲ့၏ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်က ဝမ်းမြောက်ကြိုဆိုကြောင်း ပြောကြားခြင်းနှင့် ထိုင်းနိုင်ငံ၏ သဘာဝ အလှတရားများကို ဖော်ကျူးထားသည့် ဗီဒီယိုအား ပြသခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က ညီလာခံအပိတ်မိန့်ခွန်း ပြောကြားခြင်းတို့ ဆောင်ရွက်ကြပြီး ညပိုင်းတွင် နှုတ်ဆက်ဂုဏ်ပြုညစာစားပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1) ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

**အောင်မြင်စွာ လက်ခံကျင်းပ**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံအား နေပြည်တော်တွင် အောက်တိုဘာ ၂၁ ရက်မှ ၂၄ ရက်အထိ အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပခဲ့ခြင်းဖြစ်ပြီး ညီလာခံကျင်းပစဉ်ကာလအတွင်း အောက်တိုဘာ ၂၃ ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အင်ဒိုနီးရှားနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လာအိုနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းတော်ဝင်ရဲအဖွဲ့တို့အကြား သီးခြားတွေ့ဆုံ၍ ရဲတပ်ဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန် ဆွေးနွေးခြင်း၊ ချစ်ကြည်ရေးအားကစားပြိုင်ပွဲများ ကျင်းပခြင်း၊ လက်ရှိအိမ်ရှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ၂၀၂၅ ခုနှစ်တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ထိုင်းတော်ဝင် ရဲအဖွဲ့တို့အကြား ချစ်ကြည်ရေး ဖူဆယ်ဘောလုံးပြိုင်ပွဲကျင်းပခြင်း၊ ဧည့်သည်တော်များ၏ ဇနီးများအတွက် နေပြည်တော် ပြည်ထောင်စုနယ်မြေရှိ အထင်ကရနေရာများသို့ လိုက်လံပို့ဆောင်သည့် အစီအစဉ်အဖြစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်လေ့လာခြင်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ အမျိုးသားပြတိုက်တို့ကို သွားရောက်လေ့လာခြင်း၊ သဘာဝပတ်ဝန်းကျင် ရှုခင်းများအား ကြည့်ရှုလေ့လာခြင်း၊ ဒုတိယအကြိမ် စုံညီအစည်းအဝေးကျင်းပခြင်းနှင့် ညီလာခံပိတ်ပွဲအခမ်းအနားပြီးစီးချိန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံအား အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပ ပြီးစီးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



အာဆီယံရဲအဖွဲ့အထိမ်းအမှတ် ကမ္ဘည်းပြားကို (၄၃)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံအား အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ထိုင်းတော်ဝင် ရဲအဖွဲ့သို့ လွှဲပြောင်းပေးအပ်စဉ်။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့်ရက် ထပ်မံတိုးမြှင့်ခြင်း

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် **"အဂတိပယ်ခွာ ပြည်သာယာ"** ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးများကိုပြိုင်ပွဲဝင်နိုင်ကြောင်း ဖိတ်ခေါ်ခဲ့ပြီး ပြိုင်ပွဲဝင်လျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်အား ၃၀-၁၀-၂၀၂၄ ရက်နေ့ဟု သတ်မှတ်ခဲ့ပါသည်။ ယခုအခါ လျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်အား ၁၀-၁၁-၂၀၂၄ ရက်နေ့အထိ ထပ်မံတိုးမြှင့်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**ဥပဒေဘောင်အတွင်း**
**နေထိုင်ခြင်း**
**ဘေးကင်းရန်ကွာ**
**လွန်ချမ်းသာ**

# ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်နိုင်ခဲ့သည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ ပထမဆုရရှိသူများ၏ ယှဉ်ပြိုင်ခဲ့မှု မှတ်တမ်း




ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ တော်ဝင်ရုပ်စုံသဘင်စင်တော်ကြီး အဖွဲ့ ယှဉ်ပြိုင်စဉ်။



အကပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ထာဝရမျိုးလေး(ခ) မျိုးမင်းထွန်း ကပြယှဉ်ပြိုင်ဟန်။




အရေးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဦးစိုးသီဟ "မြန်မာ့ရိုးရာအမွေ အလှတိုးဖြာစေ" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်စဉ်။



မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်၌ ပထမဆုရရှိသည့် မွန်ပြည်နယ်မှ မင်းနိုင်စိုး ဇာတ်အဖွဲ့ ယှဉ်ပြိုင်စဉ်။




ရုပ်သေးကြိုးဆွဲပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်စွမ်းမင်းထက် ယှဉ်ပြိုင်စဉ်။



မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်၌ ပူးတွဲပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ရွှေရန်ကုန်တိုင်း ဇာတ်အလှသဘင်အဖွဲ့ ယှဉ်ပြိုင်စဉ်။

# အင်းဝဘဏ်လီမိတက်၏ စိန်ရတုဘဏ်ခွဲဖြစ်သော ဘဏ်ခွဲ(၇၅)ဘဏ်မြောက် ပြည်ကြီးတံခွန်ဘဏ်ခွဲဖွင့်လှစ်

**မန္တလေး အောက်တိုဘာ ၂၄**

အင်းဝဘဏ်လီမိတက်၏ စိန်ရတုဘဏ်ခွဲဖြစ်သော ဘဏ်ခွဲ (၇၅)ဘဏ်မြောက် ပြည်ကြီးတံခွန်ဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ အဆိုပါဘဏ်ခွဲ ပရိဝုဏ်တွင် ကျင်းပရာ အခမ်းအနားသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့် အင်းဝဘဏ်လီမိတက်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့တော်ဝန်နှင့် အင်းဝဘဏ်လီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးက အင်းဝဘဏ်လီမိတက်၊ ပြည်ကြီးတံခွန်ဘဏ်ခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ဘဏ်ခွဲကမှည်းမော်ကွန်းဆိုင်းဘုတ်နှင့် ဘဏ်ကောင်တာတို့အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးပြီး အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များနှင့်အတူ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။





ယနေ့ ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက်၊ ပြည်ကြီးတံခွန်ဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ (၇၅)ဘဏ်မြောက်ဘဏ်ခွဲဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၇၈ လမ်း(ရန်ကုန်-မန္တလေးကားလမ်း)၁၁၅လမ်းနှင့် ၁၁၇လမ်းကြား ကျွဲဆည်ကန်ရပ်တွင် တည်ရှိကာ အပ်ငွေများလက်ခံခြင်း၊ ငွေစုဘဏ်လုပ်ငန်းဆောင်ရွက်ပေးခြင်း၊ ငွေလွှဲလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေများထုတ်ချေးပေးခြင်း၊ ငွေပေးအမိန့်လွှာ(Payment Order)များ ထုတ်ပေးခြင်း၊ ဘဏ်အာမခံ (Bank Guarantee )အမျိုးမျိုး ထုတ်ပေးခြင်း၊ Debit Card များ ထုတ်ပေးခြင်းစသည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများအား ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပါသည်။

အင်းဝဘဏ်လီမိတက်အနေဖြင့် မြန်မာနိုင်ငံအနှံ့အပြားရှိ ပြည်သူများအကြား ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ အဆင်ပြေလွယ်ကူချောမွေ့စွာ လည်ပတ်နိုင်ရေး၊ ကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြည်တွင်းငွေလွှဲ ဝန်ဆောင်မှုလုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ၉ ရာခိုင်နှုန်းနှင့် စာရင်းသေအပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့် အချိန်ကာလ အပိုင်းအခြားအလိုက် မူတည်၍ ၁၁ ရာခိုင်နှုန်းအထိ အတိုးနှုန်းများ ပေးအပ်လျက်ရှိပြီး စီးပွားရေးလုပ်ငန်းမတည်ရင်းနှီးလုပ်ကိုင်လိုသူများအတွက် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကာ ယခုဖွင့်လှစ်သည့် ပြည်ကြီးတံခွန်ဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ (၇၅)ဘဏ်မြောက် စိန်ရတုဘဏ်ခွဲဖြစ်ကြောင်း သိရသည်။

(ဝ၃၈)

---

❖ စာမျက်နှာ ၂၄မှ

❖ စာမျက်နှာ ၂၄မှ

တောင် - အရှေ့တောင်ဘက် ရေမိုင် ၈၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ဗဟိုချက်လေဖိအား ၉၈၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၆၅ မိုင်မှ မိုင် ၇၀ နှုန်းခန့် ဖြစ်သည်။

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "ဒါနာ"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**ခန့်မှန်းချက်**

အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "ဒါနာ"သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၂၅ ရက် နံနက်အစောပိုင်းတွင် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့ကို ပူရီမြို့နှင့် ဆာဂါကျွန်းတို့အကြား ဒမ်မရာမြို့အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။


အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "ဒါနာ"၏ အရှိန်ကြောင့် ယနေ့ညမှ နောက် ၂၄ နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၅၀ မှ ၅၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၅ ပေခန့်ရှိနိုင်သည်။


**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနိုးဆော်အပ်ပါသည်။ မိုး/ဇလ

ယနေ့ညမှ နောက် ၂၄ နာရီအတွင်း
မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့်
မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



၂၄-၁၀-၂၀၂၄ ရက်နေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ
အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း ဒါနာ လမ်းကြောင်းပြမြေပုံ



---

# ချမ်းမြသာစည်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်စကားဝိုင်း ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၄**

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်၍ ဗလငါးတန်နှင့် ပြည့်စုံစေရန်၊ အသိပညာဗဟုသုတရရှိပြီး နိုင်ငံတော်အတွက် အကျိုးပြုနိုင်သော ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၉နာရီက မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမာက အဖွင့်အမှာစကားပြောကြားပြီး ချမ်းမြသာစည်မြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြား၍ "လူငယ်များ အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံပြီး ထူးချွန်ထက်မြက်သူလေးများ ဖြစ်ပေါ်လာစေရန် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဆိုသည့် ဗလငါးတန်နှင့် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စကားပြောစွမ်းရည်များ တိုးတက်လာစေရန်နှင့် ပူးပေါင်းဆောင်ရွက်တတ်သည့် စိတ်ဓာတ်များ ကိန်းအောင်းလာစေရန် လူငယ်စကားဝိုင်းများကို ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း" ရှင်းလင်းပြောကြားခဲ့သည်။

စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက Moderator အဖြစ် ဦးဆောင်ဆွေးနွေးခဲ့ပြီး Grade(10) ကျောင်းသား၊ ကျောင်းသူလေးများက လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်နည်းပညာစသည့် ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ကြသည်။

၎င်းနောက် စကားဝိုင်းသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြည့်စွက် ဆွေးနွေးခဲ့ကြပြီးနောက် ကျောင်းသား၊ ကျောင်းသူများသည် ခန်းမအတွင်း ပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များအား စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

(ချမ်းမြေ့)

## တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့်လိုင်စင်မရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ် ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်း တွေ့ရှိရသော ရွှေထီးအမှတ်တံဆိပ် အမျိုးသားအကြောသန်သောက်ဆေးနှင့် နေကြာပန်းအမှတ်တံဆိပ် အမျိုးသားအားတိုးဆေးသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင် ခွင့်ပြုထားမှုမရှိခြင်းနှင့် ပျော်စံရာအမှတ်တံဆိပ် အမျိုးသားခွန်အားတိုးဆေးသည် အခြားဆေး၏ တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ်- TMR နံပါတ်အား ထည့်သွင်းအသုံးပြုထားခြင်း၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် ခွင့်ပြုထားမှုမရှိခြင်းတို့ကြောင့် ဆေးဝါးစစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန |
|---|---|---|---|---|
| ၁။ | ရွှေထီး | အမျိုးသားအကြောသန်သောက်ဆေး | ဆေးပြား | အောင်မြေရတနာလမ်း၊ ကွေ့ကြီးကုန်းရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။ |
| ၂။ | နေကြာပန်း | အမျိုးသားအားတိုးဆေး | ဆေးမှုန့် | လိပ်စာမပါဝင်ပါ။ ဖုန်းနံပါတ် ၀၉၇၈၅၀၂၀၄၁၃ ဖော်ပြထားသည်။ |
| ၃။ | ပျော်စံရာ | အမျိုးသားခွန်အားတိုးဆေး | ဆေးပြား | အမှတ် ၅၃၅၊ အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |



တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင်မရှိသည့် ဆေးဝါးနမူနာများ။

၃။ တိုင်းရင်းဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ(လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ရွှေဆွဲကြိုး၊ ရွှေလက်စွပ်၊ နားကပ်တို့ ခိုးယူသူများကို အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ

**တံတားဦး အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် နီလာဘယက်၊ ပုလဲ လက်ကောက်၊ စိန်ဆွဲသီး၊ကျောက်စိမ်းနားကပ်၊ ရွှေဆွဲကြိုး၊ ရွှေလက်ကောက်တို့ ခိုးယူသွားသူများကို တံတားဦးမြို့မရဲစခန်းမှ အချိန်တိုအတွင်း သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိကြောင်းသိရသည်။

ဖြစ်စဉ်မှာ တံတားဦးမြို့နယ်၊ ဈေးချိုကျေးရွာအုပ်စု၊ ဝါးတန်းရပ်နေ တရားလို ဒေါ်နှင်းအိဆွေမှ အောက်တိုဘာ ၁၇ရက် ညနေပိုင်းတွင် မိမိနေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်းရှိ ဘီရိုတံခါးမှာ ပွင့်နေသည်ကို တွေ့ရှိရသဖြင့် စစ်ဆေးကြည့်ရှုခဲ့ရာ ဗီရိုအံဆွဲအတွင်း သိမ်းဆည်းထားသော နီလာဘယက် ၁ကုံး၊ ပုလဲ လက်ကောက် ၁ကွင်း ၊ 18 k ဆွဲကြိုး ၁ကုံး၊ ဘလင်းဘလင်းရွှေဆွဲကြိုး ၁ကုံး၊ စိန်ဆွဲသီး၁ခု၊ရွှေဘောလုံး ၇ လုံး၊ကျောက်စိမ်းနားကပ် ၁ရံ၊ ကျောက်ပြာလက်စွပ် ၁ကွင်း၊ အုတ်ခဲပုံရွှေဆွဲပြား ၁ခု၊ ကျောက်ဆွဲသီး ၁ခု ၊ ပုလဲသီး ၁၀လုံး၊ လက်စွပ် ၁ကွင်း ၊ နားကပ် ၁ရံ ပျောက်ဆုံးနေကြောင်း သိရှိရသဖြင့် ဒေါ်နှင်းအိဆွေမှ တံတားဦးမြို့မ ရဲစခန်းသို့ လာရောက်အမှုဖွင့် တိုင်တန်းခဲ့သည် ။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ တံတားဦးခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဇော်ဝင်းနိုင်၏ လမ်းညွှန်မှု ၊ တံတားဦးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းနိုင်၏ ကြီးကြပ်ကွပ်ကဲမှု ၊ တံတားဦးမြို့မရဲစခန်းမှူး ဒုရဲမှူးဟန်ထွန်းအောင်၏ အနီးကပ်ကြီးကြပ်မှု၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သန့်ဇင်ဘိုနှင့်အတူ နယ်ထိန်း တပ်ဖွဲ့ဝင်တို့၏ ချက်ချင်းလှုပ်ရှားဆောင်ရွက်မှုတို့ကြောင့် ခိုးယူသွားသောတရားခံများအား စုံစမ်းဖော်ထုတ် ဖမ်းဆီးခဲ့ရာ တံတားဦးမြို့နယ်၊ ဈေးချိုကျေးရွာအုပ်စု၊ ဝါးတန်းရပ်နေ ဖိုးချဲ(၁၉)နှစ်နှင့် အောင်ဖြိုးဝေ(၁၇နှစ်)ဆိုသူတို့မှ နေအိမ်အတွင်း ဝင်ရောက်ခိုးယူခဲ့ကြောင်း သိရှိရပြီး သက်သေခံပစ္စည်းများနှင့်အတူ အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးရမိသဖြင့် တံတားဦးမြို့မ ရဲစခန်းမှ အမှုအား ခိုင်မာစွာ တည်ဆောက်ကာ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အတူ အမြန် တရားစွဲတင်ပို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၄၀၉)



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့် ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Dr Nay Soe Maung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နေ ဒေါက်တာ နေစိုးမောင်အား ညနေ ၆ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## PDF အမည်ခံအကြမ်းဖက်သမားများက မြိုင်မြို့နယ် သရက်ကန်ကျေးရွာရှိ စာသင်ကျောင်းအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်မှုကြောင့် ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူအချို့ ထိခိုက်ဒဏ်ရာများရရှိ

နေပြည်တော် အောက်တိုဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး မြိုင်မြို့နယ် သရက်ကန်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းအား ယနေ့နံနက်ပိုင်းတွင် PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb များဖြင့် အကြောင်းမဲ့ပစ်ချတိုက်ခိုက်မှုကြောင့် ဆရာမတစ်ဦး၊ ကျောင်းသူသုံးဦးနှင့် ဒေသခံပြည်သူတစ်ဦး ဗုံးစထိမှန် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

**ဗုံးစထိမှန်ဒဏ်ရာရ**

ဖြစ်စဉ်မှာ မြိုင်မြို့နယ် သရက်ကန်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားလျက်ရှိစဉ် ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့သဖြင့် ဆရာမတစ်ဦး၊ ကျောင်းသူသုံးဦးနှင့် ဒေသခံပြည်သူ အမျိုးသမီးတစ်ဦးတို့ ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ဒဏ်ရာရရှိသူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့် ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

PDF အမည်ခံအကြမ်းဖက်သမားများသည် ယခုကဲ့သို့ စစ်ရေးနှင့် သက်ဆိုင်သော ပစ်မှတ်များမဟုတ်ဘဲ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေသည့် ပညာရေးဆိုင်ရာ အဆောက်အအုံများကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါအကြမ်းဖက်လုပ်ရပ်အပေါ် ဒေသခံပြည်သူများက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



မြိုင်မြို့နယ် သရက်ကန်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းအား PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb ဖြင့် ပစ်ချတိုက်ခိုက်သည့် ဖြစ်စဉ်နေရာပြပုံ။

# ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ ငွေကျပ်သိန်း ၂၅၄၀၂ ကျော်တန်ဖိုးရှိ ရွှေထည်ပစ္စည်း အလေးချိန် ၅ ပိဿာ ၂၉ ကျပ်သားခန့်နှင့် ငွေကျပ်သိန်း ၅၀ အား သေနတ်ပြ ခြိမ်းခြောက်ရိုက်နှက်၍ လုယက်သူ တရားခံအမျိုးသားသုံးဦးအား သက်သေခံရွှေထည်ပစ္စည်း၊ ငွေများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၄

၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့ ညနေ ၆ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အင်းစိန်လမ်းနှင့် ဆင်ရေတွင်းလမ်းထောင့်ရှိ "မြရွှေယုံ" ရွှေဆိုင်မှ ရွှေထည်ပစ္စည်းမျိုးစုံ ၅ ပိဿာ ၂၉ ကျပ်သားခန့်နှင့် ငွေကျပ် သိန်း ၅၀ တို့ကို သံသေတ္တာသုံးလုံးဖြင့် သိမ်းဆည်းကာ ယာဉ်မောင်းတစ်ဦးတည်းမောင်းနှင်သည့် ကိုယ်ပိုင်မော်တော်ယာဉ်ဖြင့် သယ်ဆောင်စဉ် လှိုင်မြို့နယ်ရှိ ရွှေဆိုင်ပိုင်ရှင်၏ နေအိမ်ရှေ့အရောက် မော်တော်ယာဉ်တစ်စီးဖြင့် အမျိုးသားလေးဦး ရောက်ရှိလာပြီး သေနတ်တစ်ချက်ပစ်ခတ်၍ ယာဉ်မောင်းအား ဝိုင်းဝန်းရိုက်နှက်ကာ ကားနောက်ဖုံးမှန်ကို တူဖြင့် ထု၍ ရွှေထည်ပစ္စည်းနှင့် ငွေများထည့်ထားသည့် သေတ္တာသုံးလုံး လုယူထွက်ပြေးသွားသဖြင့် ဗိုလ်တထောင်ချောင်းနယ်မြေ ရဲစခန်း (ပ)၉၃/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄ ဖြင့် အမှုရေးဖွင့် ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။




လုံခြုံရေးအဖွဲ့က စုံစမ်းဖော်ထုတ်ခဲ့ရာ အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၃ နာရီခွဲတွင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၅) ရပ်ကွက် ပါရမီလမ်းနှင့် သုမင်္ဂလာလမ်းဆုံတွင် စမ်းချောင်းမြို့နယ် မြေနီကုန်းမြောက်ရပ်ကွက် မြေနီကုန်းဈေးလမ်း တိုက်အမှတ်(၄၁) လေးလွှာ အခန်း(4A)နေ မသက်ထားခိုင်(ခ)ရည်မွန်အေး(၃၇) နှစ်ကို မသင်္ကာစစ်ဆေးခဲ့ရာ ၎င်းလွယ်ထားသည့် ဘေးလွယ်အိတ်အတွင်း၌ လုယက်မှုမှုပါဆုံးသွားသော ပလက်တီနမ်ရွှေဖြူဆွဲကြိုး ရှစ်ကုံးနှင့် ငွေကျပ် ၁၀ သိန်းတို့ကို တွေ့ရှိပြီး ၎င်း၏ ခင်ပွန်းဖြစ်သူ ထက်အောင်နိုင်က ရောင်းချခိုင်းလိုက်ကြောင်း သိရသဖြင့် တရားခံ ထက်အောင်နိုင်(၃၆)နှစ်(ဘ)ဦးအေးချို အား ဆက်လက် ဖမ်းဆီးရမိခဲ့သည်။

ထက်အောင်နိုင်၏ ထွက်ဆိုချက်အရ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဒသမ ၃၂ ဗို့ ခြောက်လုံးပြူး တစ်လက်၊ S&WL ကျည် ကိုးတောင့်၊ ၎င်းကျည်ခွံ တစ်ခု၊ ငွေစက္ကူရောရာ ၁၈ သိန်းကျပ်၊ လုယက်မှုကျူးလွန်ရာမှ ရရှိခဲ့သည့် ရွှေထည်ပစ္စည်းမျိုးစုံ (စိစစ်ဆဲ) တို့အား ဆက်လက်သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်စစ်ဆေးပေါ်ပေါက်ချက်အရ လုယက်မှုကျူးလွန်ရာတွင် ပါဝင်သူများဖြစ်ကြသည့် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပေါက်စုကျေးရွာနေ တရားခံ ကျော်ကြီး(ခ)ကျော်ဇင်ဟိန်း (၂၂) နှစ် (ဘ)ဦးထွန်းထွန်းနှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဥဿာမြို့သစ် အမှတ်(၈) ရပ်ကွက်နေ တရားခံ စောပိုင်ဇော်ဦး(ခ) ပိုင်ကြီး (၃၅)နှစ် (ဘ)ဦးစံသောင်းတို့အား အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ သုံးဦးတို့၏ ထွက်ဆိုချက်များအရ တရားခံ ထက်အောင်နိုင်၊ ကျော်ဇင်ဟိန်း (ခ) ကျော်ကြီးနှင့် တရားခံ ဝေကြီး (ဖမ်းဆီးရန်ကျန်) တို့ သုံးဦးသည် KNU တပ်မဟာ(၇) ဝေ့ရှမ်းကျေးရွာတွင် ဖွင့်လှစ်သော PDF အကြမ်းဖက်သင်တန်း အပတ်စဉ် (၅/၂၀၂၄) သင်တန်းဆင်းများဖြစ်ကြပြီး အဆိုပါ သင်တန်းတက်ရောက်နေစဉ် ထက်အောင်နိုင်သည် သင်တန်း၌ ငွေလွှဲလုပ်ငန်းလုပ်ကိုင်သူ ဦးမာမူ (စိစစ်ဆဲ)ထံမှ ဒသမ ၃၂ ဗို့ခြောက်လုံးပြူးနှင့် ကျည်များကို ငွေကျပ် ၂၁ သိန်းဖြင့် ဝယ်ယူခဲ့ပြီး "မြရွှေယုံ" ရွှေဆိုင်သို့ (၃/၄) ကြိမ်ခန့် လှေ့လာကာ ဆိုင်ဖွင့်ချိန်နှင့် ဆိုင်သိမ်းချိန်များတွင် ယာဉ်မောင်းတစ်ဦးတည်း ဆိုင်မှ ရွှေထည်ပစ္စည်းများအား သယ်ယူပို့ဆောင်လေ့ရှိကြောင်း သိရှိရသဖြင့် လုယက်မှုကျူးလွန်ရန် ကြိုတင်ကြံစည်ခဲ့ခြင်းဖြစ်ကြောင်း။

လုယက်မှုကျူးလွန်ရာတွင် တရားခံ ထက်အောင်နိုင်က Toyota Corolla အဖြူရောင်ယာဉ်ကို မောင်းနှင်၍ အခင်းဖြစ်ခြံရှေ့တွင် ရွှေထည်ပစ္စည်းများသယ်ဆောင်လာသည့် ယာဉ်ကို အနောက်မှ ကပ်လျက်ရပ်တန့်ကာ ယာဉ်မောင်းဖြစ်သူအား သေနတ်ဖြင့်ချိန်၍ တံခါးဖွင့်ခိုင်းခြင်း၊ တရားခံ ဝေကြီး(ဖမ်းဆီးရန်ကျန်)က ကားတံခါးကို တူဖြင့်ထုခြင်း၊ တရားခံ ထက်အောင်နိုင်က ခြံ၏အရပ်သား လုံခြုံရေးဝန်ထမ်းဖြစ်သူအား သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ခြံဝင်းသံပန်းတံခါးကို ထိမှန်ခဲ့ပြီး ကျော်ဇင်ဟိန်း (ခ) ကျော်ကြီးနှင့် စောပိုင်ဇော်ဦး(ခ)ပိုင်ကြီးတို့နှစ်ဦးက မော်တော်ယာဉ်၏ နောက်ဖုံးတံခါးကို ဖွင့်၍ ရွှေထည်ပစ္စည်းများ ထည့်ထားသည့် သံသေတ္တာသုံးလုံးကို ၎င်းတို့စီးနင်းလာသည့် ကားပေါ်သို့ တင်ဆောင်ကာ မောင်းနှင်ထွက်ပြေးခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် ရွှေထည်ပစ္စည်းနှင့် ငွေများလုယက်မှုမှ ဖမ်းဆီးရမိသည့်တရားခံ ထက်အောင်နိုင်၊ ကျော်ဇင်ဟိန်း (ခ) ကျော်ကြီး၊ စောပိုင်ဇော်ဦး(ခ)ပိုင်ကြီးနှင့် ထွက်ပြေးတိမ်းရှောင် တရားခံ ဝေကြီး (စိစစ်ဆဲ)အား ဥပဒေနှင့်အညီ ထိရောက်သောပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်နေသော တရားခံ ဝေကြီး အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် လက်နက်/ခဲယမ်းနှင့် လုယက်မှုကျူးလွန်ရာမှ ရရှိသည့် သက်သေခံရွှေထည်ပစ္စည်းနှင့် ငွေများအား သိမ်းဆည်းရရှိမှု မှတ်တမ်းဓာတ်ပုံ။



ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ ငွေကျပ်သိန်း ၂၅၄၀၂ ကျော်တန်ဖိုးရှိ ရွှေထည်ပစ္စည်းအလေးချိန် ၅ ပိဿာ ၂၉ ကျပ်သားခန့်နှင့် ငွေကျပ်သိန်း ၅၀ အား သေနတ်ပြ ခြိမ်းခြောက်ရိုက်နှက်၍ လုယက်သူ တရားခံ အမျိုးသားသုံးဦးအား သက်သေခံ ရွှေထည်ပစ္စည်း၊ ငွေများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

# မန္တလေးမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့များက ကုန်သိုလှောင်ရုံနှင့်ဂိုဒေါင်များ ဝင်ဖောက်ခြင်း၊ တရားဝင်တင်သွင်းထားသော ကုန်ပစ္စည်းများကိုပါ ဖမ်းဆီးခြင်းများ လုပ်ဆောင်နေသည်ဟု သတင်းတု၊ သတင်းအမှားများ လွှင့်ဆော်ဝါဒဖြန့်ဝေလျက်ရှိ




နေပြည်တော် အောက်တိုဘာ ၂၄

မန္တလေးမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့များနှင့် ပူးပေါင်းအဖွဲ့များက ကုန်သိုလှောင်ရုံနှင့် ဂိုဒေါင်များ ဝင်ဖောက်ခြင်း၊ တရားဝင်တင်သွင်းထားသော ကုန်ပစ္စည်းများကိုပါ ဖမ်းဆီးခြင်းများ လုပ်ဆောင်နေသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းမှားများလွှင့်ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မန္တလေးမြို့ရှိ သက်ဆိုင်ရာတာဝန်ရှိသူများ၏ ပြောကြားချက်အရ မန္တလေးမြို့အတွင်း အကြမ်းဖက်သမားများ စိမ့်ဝင်ခိုအောင်းမှုမရှိစေရေး လိုအပ်သော လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် လုံခြုံရေးပူးပေါင်းအဖွဲ့များအနေဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အကြောင်းမဲ့ဝင်ရောက်ဖမ်းဆီးစစ်ဆေးခြင်း မရှိကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် ဥပဒေနှင့်အညီသာ တားဆီးစစ်ဆေးကြပ်မတ်လျက်ရှိကြောင်းနှင့် အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက အခြေအမြစ်မရှိသည့် သတင်းအမှားများဖြင့် ပြည်သူလူထုအား သတင်းအဆိုပ်ခတ်နေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စတုတ္ထအကြိမ် စပေါင်းမဟာဘုံကထိန်နှင့် မိုးပေါ်ကျကထိန် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မန္တလေး အောက်တိုဘာ ၂၄** မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စတုတ္ထအကြိမ် စပေါင်းမဟာဘုံကထိန်နှင့် မိုးပေါ်ကျကထိန်အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခု စတုတ္ထအကြိမ် စပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာကို ကထိန်မရရှိသေးသော ချမ်းမြသာစည်မြို့နယ်ရှိ ဓမ္မိကာရာမတိုက်တွင် လောင်းလှူသွားမည်ဖြစ်ပါကြောင်း၊ မိုးပေါ်ကျကထိန် အလှူတော်မင်္ဂလာကို အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင် ကျင်းပသွားမည်ဖြစ်ပြီး ထည့်ဝင်လှူဒါန်းကြသည့် အလှူငွေများနှင့် ပဒေသာပင်များကိုလှူဒါန်းသွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် လစ်ဟာမှုမရှိစေရေးနှင့် ဆရာတော်၊ သံဃာတော်များ စိတ်ချမ်းမြေ့စေရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် စပေါင်းမဟာဘုံကထိန်နှင့် မိုးပေါ်ကျကထိန် ကျင်းပနိုင်ရေး ဦးစီးကော်မတီ အဖွဲ့ဝင်များက လုပ်ငန်းကော်မတီကဏ္ဍများအလိုက် တင်ပြဆွေးနွေးကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (၅/၂၀၂၄)အစည်းအဝေးသို့ တက်ရောက်

**မန္တလေး အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ(၅/၂၀၂၄) အစည်းအဝေးကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အထောက်အကူပြုပြီး ကုန်ထုတ်စွမ်းအားမြှင့်တင်ရေးနှင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်မူဝါဒများနှင့် အညီ ဖြည့်ဆည်းမြှင့်တင်ဆောင်ရွက်ပေးနေပါကြောင်း၊ ပြည်တွင်း၌ရရှိသော ကုန်ကြမ်းများကို အဓိကအသုံးပြု၍ ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်ငန်းစဉ်များ လွယ်ကူချောမွေ့စေရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ မြန်ဆန်သွက်လက်စွာ စိစစ်ခွင့်ပြုချထားပေးလျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြလျှောက်ထားလာသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက



ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ကြုံတွေ့နေရသည့် အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး ဒေါက်တာမင်းဇော်ဦးက တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့မှ ကွင်းဆင်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြဆွေးနွေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)



# ကျေးရွာအရောက် အခမဲ့ကွင်းဆင်းကုသ

**သရက် အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ကျေးလက်နေပြည်သူများအားကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီစေရန်နှင့် လူနာများ စိုက်ထုတ်ရသော ကုန်ကျမှုလျှော့ချရေးအတွက် သရက်ခရိုင်ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်များက အခမဲ့ကွင်းဆင်းကုသခြင်းကို ယနေ့ နံနက် ၈ နာရီမှ ၁၂ နာရီအထိ စမ်းအိုင့်ကျေးရွာ မြောက်ကျောင်း ဆူပုတ်ကုန်းဘုန်းတော်ကြီးကျောင်းတွင် ဆောင်ရွက်ခဲ့သည်။ (ဝဲပုံ)

အဆိုပါကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်ကျန်းမာရေးဝန်ထမ်းများက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သန့်လေးသန့်နှင့် သွေးလွန်တုပ်ကွေးရောဂါ ၄က်ဖျားရောဂါအကြောင်း ဟောပြောပေးခဲ့ပြီး ခရိုင်ပြည်သူ့ဆေးရုံ၊ ဆေးရုံအုပ် ဒေါက်တာညွန့်ရွှေအောင် ဦးဆောင်သော အရိုးအကြော၊ သွားနှင့်ခံတွင်း၊ ခွဲစိတ်အထူးကု၊ သားဖွားမီးယပ်၊ ကလေးအထူးကုနှင့် သမားတော်ကြီး၊ အထူးကုဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက စုစုပေါင်းလူနာ ၁၉၁ ဦးအား ကုသပေးခဲ့နေမှုအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ကြည့်ရှုအားပေးကြကြောင်း သိရသည်။

စော်ထက်(သရက်)







# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်)၌ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်များအား ဂုဏ်ပြုညှော်ခံပွဲအခမ်းအနား ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၄**

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)၌ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများနှင့် အကဲဖြတ်ပညာရှင်ကြီးများအား ဂုဏ်ပြုညှော်ခံပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မန္တလေးတိုင်းဒေသကြီးအနေဖြင့် အဆို၊ အက၊ အရေး၊ အတီး ဘာသာရပ်နယ်ပယ်အသီးသီး၌ ပြိုင်ပွဲနေရာ ၁၂၁ နေရာတွင် ပြိုင်ပွဲဝင်စုစုပေါင်း ၂၄၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ရွှေတံဆိပ် ၂၅ ဆု၊ ငွေတံဆိပ် ၂၁ ဆု၊ ကြေးတံဆိပ် ၂၉ ဆု၊ အထူးဆု ၁ ဆု၊ စုစုပေါင်း ဆုတံဆိပ် ၇၆ ဆုရရှိခဲ့ပါကြောင်း၊ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်ပါကြောင်း၊ အနီးကပ်ကြီးကြပ်သင်ကြားပေးခဲ့ကြသည့် ပညာရှင်ကြီးများ၏ စနစ်တကျ သင်ကြားပြသလေ့ကျင့်ပေးခဲ့မှုများကြောင့် ယခုလို အောင်မြင်မှုများရရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများ တင့်တယ်စွာ ဖွံ့ဖြိုးနေစေရန် အနုပညာစွမ်းပကားဖြင့် ဆက်လက်ထိန်းသိမ်းကြိုးစားနေကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ဦးအောင်ဆန်းဦးက ပြိုင်ပွဲယှဉ်ပြိုင်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)၌ ဆုရရှိသူများနှင့် ပြိုင်ပွဲဝင်များအတွက် ဂုဏ်ပြုငွေကျပ် ၁၂၇၅၀၀၀၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က အုပ်ချုပ်သူနှင့် ပံ့ပိုးကူညီသူများအား ဂုဏ်ပြုငွေကျပ် ၄၅၀၀၀၀၀ ကိုလည်းကောင်း ချီးမြှင့်ခဲ့ပြီး ဆုရရှိသူများကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ အကဲဖြတ်ပညာရှင်ကြီးများအား ရင်းနှီးစွာ လိုက်လံနှုတ်ဆက်ပြီး ဂုဏ်ပြုညှော်ခံခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား (၁၃)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ပေးအပ်



**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခု ဘဏ္ဍာရေးနှစ်အတွင်း (၁၃)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနတွင် ပြုလုပ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

(၁၃)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ ကန်စွန်းရွက် အစည်း ၃၁၀၊ ခရမ်းသီးအထုပ် ၁၅၀၊ ဖရုံညွန့် ၃၅ စည်း၊ မယ်ဇလီဖူးအထုပ် ၂၀၀၊ ဘူးသီး ၂၁ လုံး၊ ငှက်ပျောသီး ၁၈ ဖီးတို့ကို ကော်မတီရုံးမှ ဝန်ထမ်းများ၊ ဘဏ္ဍာရေးဌာနမှ ဝန်ထမ်းများ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနဝန်ထမ်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနမှ ဝန်ထမ်းများနှင့် စစ်ဆေးရေးဌာန ဝန်ထမ်းများအား စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဒုတိယဌာနမှူး ဒေါ်အေးယုကျော်နှင့် တာဝန်ရှိသူများက အချိုးကျ ခွဲဝေထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်းသိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၃)**

# စဉ်ဆက်မပြတ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးဖို့

မောင်မောင်စွယ်စုံထွန်း

**(၂၀-၁၀-၂၀၂၄ စာမျက်နှာ ၆ မှအဆက်)**


ဤနေရာတွင် လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုနှင့် စပ်လျဉ်း၍ ထုတ်လုပ်မှုအမျိုးအစားအလိုက် စက်စွမ်းအင်အချိုးကိန်း (Capacity Factor)နှင့် တစ်ယူနစ်ဈေးနှုန်းများကို ပြည်သူများနှိုင်းယှဉ် တွက်ချက်၍ သိရှိနိုင်ရန် အကျဉ်းမျှ ဖော်ပြပေးလိုပါသည်။ "What next now" ၏ အဆိုအရ တည်ဆောက်သည့် စက်ရုံအမျိုးအစား အလိုက်ထုတ်လုပ်နိုင်သော စွမ်းအင်မှာတည်ဆောက်သည့် စက်အင်အား ၏ ဆိုလာ plant တွင် ၁၀ရာခိုင်နှုန်း မှ ၂၅ ရာခိုင်နှုန်း၊ လေအား plant တွင် ၂၅ ရာခိုင်နှုန်း)၊ ရေအားစက်ရုံတွင် ၄၀ရာခိုင်နှုန်း၊ ကျောက်မီးသွေးစက်ရုံတွင် ၇၀ ရာခိုင်နှုန်း၊ နျူကလီးယားစက်ရုံ တွင် ၈၉ ရာခိုင်နှုန်းနှင့် သဘာဝဓာတ်ငွေ့သုံး စက်ရုံများတွင် ၃၈ ရာခိုင်နှုန်း စက်စွမ်းအင်မြှောက်ကိန်းရှိကြောင်း သိရှိရပါသည်။ ပို၍ရှင်းအောင်ပြောရလျှင် လျှပ်စစ်စက်တပ်ဆင်အင်အား (Installed capacity) ဆိုသည်မှာ စက်တပ်ဆင်ထားသောအားကို ပြောခြင်းသာဖြစ်ပြီး တစ်နှစ်တာအမှန်တကယ် မောင်းနှင်ထုတ်လုပ် လို့ရခြင်းကသာ Generation ဖြစ်လာခြင်း ဖြစ်သည်။ စက်စွမ်းရည် မြှောက်ကိန်းတွေ မတူသည့်အတွက် တပ်ဆင်အင်အားတူနေရင် တောင် အရင်းအမြစ်ပေါ်လိုက်ပြီး တစ်နှစ်ပတ်လုံးထုတ်လုပ်နိုင်စွမ်းက လုံးဝမတူညီနိုင်ပါ။ ဥပမာအားဖြင့် ဆိုလာ (၂၄၀) မဂ္ဂါဝပ်တပ်ဆင် အင်အားသည် Generation အနေဖြင့် ၂၄၀×၀ ဒသမ ၁၅ = ၃၂ မဂ္ဂါဝပ်သာ Firm Power ရရှိနိုင်မည့် သဘောတရားဖြစ်ပါသည်။ ဤနေရာတွင် ပြည်သူများရှင်းလင်းမြင်သာအောင် နေရောင်ခြည်နှင့် ကျောက်မီးသွေးမှ ထုတ်လုပ်ခြင်းတို့ အကျိုးသက်ရောက်မှု ကွာခြားပုံကို တွက်ချက်နှိုင်းယှဉ်ပြလိုပါသည်။ နေရောင်ခြည်က (၁၅ရာခိုင်နှုန်း)×၃၆၅ရက်×၂၄နာရီဖြစ်၍ တစ်နှစ်လျှင်(၁၃၁၄)နာရီ ပဲသုံးနိုင်ပါမည်။ ကျောက်မီးသွေးက (၇၀ရာခိုင်နှုန်း)×၃၆၅ရက်×၂၄ နာရီ ဖြစ်၍ တစ်နှစ်လျှင် (၆၁၃၂)နာရီ သုံးစွဲနိုင်ပါမည်။ သို့ဖြစ်၍ တစ်ရက်လျှင် ဆိုလာက(၃ ဒသမ ၆)နာရီ ၊ ကျောက်မီးသွေးက(၁၆ ဒသမ ၈)နာရီသာ သုံးနိုင်မည်ဟု အလွယ်တကူ တွက်ချက်ရရှိနိုင် ပါသည်။ လျှပ်စစ်ရရှိချိန် မတူညီသည့်အပေါ်လိုက်၍ စွမ်းအင်အကျိုး သက်ရောက်မှုကလည်း ကွာခြားနေကြောင်း ထင်ရှားပေါ်လွင်လောက် ပြီဟု ယူဆမိပါသည်။ စက်တွေက စွမ်းရည်မတူသလို ပြည်သူတွေက လည်း ဓာတ်အားသုံးစွဲသည့် ဝန်အား(Load) က အချိန်နှင့်အမျှ ပြောင်းလဲနေသည်။ မြန်မာနိုင်ငံတွင် လေ့လာတွေ့ရှိချက်အရ အနိမ့်ဆုံးအချိန် သုံးစွဲသည့် ဓာတ်အားသည် အမြင့်ဆုံး အချိန်သုံးစွဲသည့် ဓာတ်အား၏ (၇၀ရာခိုင်နှုန်း) ခန့်သာရှိသည်ကို တွေ့ရှိရပါသည်။ အဆိုပါ ခြားနားချက်ကြောင့်ပင် ဓာတ်အားစနစ်အတွင်း အနိမ့်ဆုံး လိုအပ်ချက်ကို အမြဲမပြတ်မောင်းနှင်ပေးထားရမှာဖြစ်သလို အချိန် အလိုက် အမြင့်ဆုံးလိုအပ်ချက်(Peak Load) ဖြစ်လာလျှင် မောင်း နှင်ပေးရမည့် Based Load ဟုခေါ်သော စက်အမျိုးအစားတွေလည်း ရှိဖို့လိုအပ်နေပါသည်။ ဆက်လက်၍ ၂၀၂၀ ပြည့်နှစ်က ခန့်မှန်း တွက်ချက်ခဲ့မှုများအရ ရေအားဖြင့် ထုတ်လုပ်ပါက ပျမ်းမျှအားဖြင့် ၇၂ ကျပ် ကုန်ကျမည်ဖြစ်ပြီး Gas ဖြင့်ထုတ်လုပ်ပါက ပျမ်းမျှအားဖြင့် ၁၅၀ ကျပ်မှ ၁၉၀ ကျပ်ခန့် ဆိုလာဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပါက တစ်ယူနစ်လျှင် ၁၉၅ ကျပ်ခန့်ထိ ထုတ်လုပ်မှုစရိတ် ကုန်ကျနိုင်ပါကြောင်း အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော "Energy in Myanmar" ဆောင်းပါးစာတမ်းတွင် ခန့်မှန်းတွက်ချက် ဖော်ပြပါရှိခဲ့ပြီး ယခုအခါ ထိုစဉ်ကထက်ပင် ဈေးနှုန်းများစွာ မြင့်တက်လာနေပြီလည်း ဖြစ်ပါသည်။ ယခုအခါ ငွေလဲလှယ်နှုန်းကြီး မြင့်လာသဖြင့် ယခုဆောင်းပါးရေးနေချိန် ငွေလဲလှယ်နှုန်းထားဖြစ်သည့် အမေရိကန် တစ်ဒေါ်လာလျှင် ၄၆၇၀ ကျပ် နှုန်းဖြင့် ခန့်မှန်း တွက်ချက်ကြည့်မည်ဆိုပါက LNG ဖြင့်ထုတ်လုပ်မှု ဈေးနှုန်းမှာက တစ်ယူနစ်အတွက် ၂၂ ဆင့်ဖြစ်ရာ ၁၀၂၇ ဒသမ ၄ ကျပ် ကုန်ကျမည် ဖြစ်ပြီး ရိုးရိုး Gas ဖြင့် ထုတ်လုပ်လျှင်ပင် တစ်ယူနစ် ၁၃ ဒသမ ၄ ဆင့်ဖြစ်ရာ ၆၂၅ ဒသမ ၈ ကျပ်၊ ဆိုလာဖြင့် ထုတ်လျှင် တစ်ယူနစ်အတွက် ၉ ဆင့် ၄၂၀ ဒသမ ၃ ကျပ်၊ ရေအားဖြင့် ထုတ်လျှင် တစ်ယူနစ်အတွက် ၄ ဆင့်ဖြစ်ရာ ၁၈၆ ဒသမ ၈ ကျပ်ခန့် အသီးသီး ကုန်ကျနိုင်မည်ဖြစ်ကြောင်း တွက်ချက်သိရှိနိုင်ကြမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ ရေး၊ ထားဝယ်၊ မြစ်ကြီးနားစသည့် မြို့များတွင် ကုမ္ပဏီအသီးသီးမှ ဓာတ်အား ငွေကျပ် ၅၀၀ မှ ၁၅၀၀ အထိ ကောက်ခံ ၍ ဓာတ်အားမပြတ်စေဘဲ မီးပေးနေသကဲ့သို့ အစိုးရမှဆောင်ရွက် ပေးနိုင်ပါသော်လည်း လူတန်းစားအားလုံးသော နိုင်ငံတစ်ဝန်းမှ မြန်မာ ပြည်သူများအတွက် ဓာတ်အားခသက်သာစေမည့် သင့်လျော်သော Generation Mix အတိုင်းသာ ဓာတ်အားထုတ်လုပ်ပေးသွားနိုင်ရန် လွန်စွာအရေးကြီးလှသဖြင့် Generation Mix အရေးပါပုံကို အနည်းငယ် ထပ်မံရှင်းပြလိုသေးပါသည်။ ၂၄ နာရီ ကာလအတွက် လျှပ်စစ်သုံးစွဲမှုသည် တစ်ပြေးညီမဟုတ်ဘဲ အတက်အကျများစွာ ရှိနေခြင်းကြောင့် ဓာတ်အားတည်ငြိမ်မှုရရှိစေရန် ထုတ်လုပ်မှုအား အချိုးကျတည်ဆောက်နေရခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် Minimum Load (ဓာတ်အားသုံးစွဲမှု အနည်းဆုံး) အချိန်မှာ (၀၃:၀၀)နာရီဖြစ်ပြီး (၀၆:၀၀)နာရီမှ (၁၀:၀၀)နာရီအတွင်းနှင့် (၁၆:၀၀) နာရီမှ(၂၀:၀၀) နာရီအတွင်း အချိန်များသည် Peak Load(ဓာတ်အားသုံးစွဲမှု အများဆုံး) အချိန်များဖြစ်သည်ကို တွေ့ရှိရသည်။ ထို့ကြောင့် လျှပ်စစ်ဓာတ် အားထုတ်လုပ်ရာတွင် Load ပေါ်မူတည်၍ သုံးမျိုးခွဲခြားနိုင်ပါသည်။ (၁) Base Load Generation ၊ (၂) Intermediate Load Generation ၊ (၃) Peak Load Generation ဟူ၍ ဖြစ်သည်။ Base Load Generation တွင် ပုံသေနီးပါးထုတ်လုပ်နိုင်သော Run-Off River Type ရေအားလျှပ်စစ်စက်ရုံများ ၊ သဘာဝဓာတ်ငွေ့သုံးစက်ရုံ များ၊ ကျောက်မီးသွေးစက်ရုံများ၊ ဘူမိအပူသုံးစက်ရုံများနှင့် နျူကလီး ယား စက်ရုံများ ပါဝင်ပါသည်။

Intermediate Load Generation တွင် Dam type ရေအားစက်ရုံများနှင့် သဘာဝဓာတ်ငွေ့သုံးစက်ရုံ အငယ်စားများ ပါဝင်ပါသည်။ Peak Load Generation တွင် လေအားသုံးစက်ရုံ၊ နေရောင်ခြည်သုံးစက်ရုံနှင့် အခြားဈေးကြီးလွန်းသော စွမ်းအင်အသုံးပြု သည့် စက်ရုံများ ပါဝင်ပါသည်။ System Grid ကို အတိုးအလျှော့ လုပ်နိုင်သည့်အပြင် ဓာတ်အားရရှိရန် အကန့်အသတ်များစွာရှိနေ၍ Peak Load အချိန်များတွင်သာ ဝင်ရောက်ပါဝင် မောင်းနှင်ဖြေရှင်းပြီး ဓာတ်အားစနစ်ကို ထိန်းပေးခြင်းဖြစ်သဖြင့် Peak Load Generation ဟု ခေါ်ခြင်း ဖြစ်ပါသည်။

ယခုအခါ နိုင်ငံတော်အနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် သုံးစက်ရုံအများအပြားတည်ဆောက်၍ Load တည်ငြိမ်မှုကို ထိန်းချုပ်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပြီး တစ်ဖက်တွင်လည်း Base Load Generation ဖြစ်သော ရေအားလျှပ်စစ်စက်ရုံနှင့် သဘာဝဓာတ်ငွေ့သုံးစက်ရုံစီမံကိန်းများစွာကို ကြိုးစားအကောင် အထည်ဖော် တည်ဆောက်ပေးလျက်ရှိရာ ၂၀၃၀ ပြည့်နှစ်အတွက် မျှော်မှန်းရေးဆွဲသော Generation Mix အတွက် Plan နှင့် အနီး စပ်ဆုံးအခြေအနေကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်လာမည် ဆိုပါက ပြည်သူလူထုအနေဖြင့် တည်ငြိမ်၍ ပြည့်ဝသော လျှပ်စစ် ဓာတ်အားကို အချိန်ပြည့်ရရှိနိုင်လာတော့မည် ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် တင်ပြလိုသည်မှာ ခေတ်မီ၍ ဖွံ့ဖြိုးတိုး တက်သော မြန်မာနိုင်ငံကြီးကို တည်ဆောက်ရာတွင် လျှပ်စစ်ဓာတ် အားတိုးတက်ရရှိရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ထို့အတူ လျှပ်စစ်စွမ်းအားတိုးချဲ့ရေးဆောင်ရွက်ရာတွင် မြန်မာ ပြည်သူများ အတွက် သင့်လျော်သော ဓာတ်အားခဖြင့် ဓာတ်အား ထုတ်လုပ်နိုင်မည့် Generation Mix အား အချိုးညီစွာဖြင့် တိုးချဲ့တည်ဆောက်သွားနိုင်ရေးသည်လည်း ဓာတ်အားစနစ်ကြီး တစ်ခုလုံး တည်ငြိမ်အောင် ထိန်းသိမ်းမောင်းနှင်ရာတွင် အလွန် အရေးကြီးလှပြီး စီမံကိန်းကြီးများ ကြိုတင်တည်ဆောက်နေပြီ လည်းဖြစ်သဖြင့် မဝေးကွာလှသော အချိန်ကာလတစ်ခုတွင် စွမ်း အားပြည့်ဝစွာ Load တည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် လျှပ်စစ်ဓာတ် အား တိုးတက်ထုတ်လုပ်ဖြန့်ဖြူးပေးသွားနိုင်တော့မည်သာဖြစ်ပါ ကြောင်း စာရေးသူ၏အမြင်အား ရေးသားတင်ပြလိုက်ရပါသည်။



## (၇၉)နှစ်ပြည့် ဝိဇာတမင်္ဂလာ ကျင်းပ



**မန္တလေး အောက်တိုဘာ ၂၄**

မန္တလေး၊ မြတောင်တိုက် အဓိပတိ နိုင်ငံတော်သြဝါဒါစရိယ သာသနာဝင်းကျောင်း ပုဂံဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သာဂရာဘိဝံသ၏ သက်တော် (၇၉)နှစ်ပြည့် ဝိဇာတမင်္ဂလာကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းတွင် မြတောင်တိုက် ရာပြည့်ဗိမာန်တော်၌ ကျင်းပသည်။

ရှေးဦးစွာ နာယကစာချဆရာတော်များနှင့် ပင့်သံဃာတော် အပါး ၁၃၀ တို့အား အရုဏ်ဆွမ်းကပ်လှူပြီး တစ်ပါးလျှင် နဝကမ္မငွေကျပ်နှစ်သောင်းငါးထောင်နှင့် သင်္ကန်းပန်းခြင်းများ လှူဒါန်းသည်။ ထို့နောက် မွေးနေ့ရှင် ဆရာတော်ကြီးမှ သက်တော်ရှည်ဆရာတော်ကြီးငါးပါးတို့အား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းဖြင့် ပူဇော်ကန်တော့ပြီး သာသနာ့နယ်ဖွားတပည့်သံဃာတော်များက မွေးနေ့ရှင်ဆရာတော်ကြီးအား နဝကမ္မ ငွေကျပ်သိန်း ၃၀ ကျော်နှင့် လှူဖွယ်ပစ္စည်းမျိုးစုံတို့ဖြင့် ပူဇော်ကန်တော့ကြသည်။

ထို့နောက် ဧည့်ပရိသတ်တို့က အရှေ့ပြင် ခင်မကန်တိုက် သက်တော်ရှည်ဆရာတော်ဘဒ္ဒန္တသုဇာနထံက သီလခံယူပြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်ထံက ရေစက်ချအနုမောဒနာတရားနာယူကြည်ညိုကာ အခမ်းအနားကို ရုပ်သိမ်းသည်။

ဝိဇာတမင်္ဂလာတွင် နို့စိမ်းခေါက်ဆွဲ အရုဏ်ဆွမ်းကုသိုလ်ရှင် ဦးသန်းဝင်းအောင်+ ဒေါ်ဥမ္မာစောလွင် မိသားစု၊ ပဲကိတ်၊ အချိုရည်နှင့် ဂျပန်ခေါက်မုန့် အလှူရှင် ဒေါ်ခင်သန်းဝင်း(မင်းသီဟကဖေး)မိသားစု၊ လက်ဖက်အကြော်စုံ ကုသိုလ်ရှင် ဦးနိုင်+ဒေါ်ချိုတူးမာ၊ ဦးအောင်ဇော်မင်း+ဒေါ်မျိုးမျိုး မိသားစု၊ သစ်သီးမျိုးစုံ ကုသိုလ်ရှင် ကိုစိုင်း+မနှင်းဦး မိသားစု၊ မြန်မာ့ရိုးရာမုန့်မျိုးစုံ ကုသိုလ်ရှင် ဆင်ရွာကြီး ဆရာတော်ဦးရာဇိန္ဒနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ မိသားစုက ငွေကျပ်ငါးသိန်းငါးသောင်းတန် မွေးနေ့ကိတ်နှင့် ဘုရားပန်းသစ်သီးမျိုးစုံ အလှူရှင် မိုးကုတ်မြို့ ရှမ်းတောရပ်နေ ဒေါက်တာ စိုးတင့်+ဒေါ်အေးအေး(မောင်)ကိုဇေယျာမင်း မိသားစု၊ ရေခဲမုန့် ကုသိုလ်ရှင် ဦးနိုင်လင်းအောင်+ဒေါ်စိုးစိုးမွန် မိသားစုနှင့် ပင့်သံဃာတော်အပါး ၁၃၀ တို့အား တစ်ပါးလျှင် ငွေကျပ်တစ်သောင်းနှုန်းစီကို ဦးအောင်မျိုးဦး+ဒေါ်မြင့်မြင့်နွယ်(အောင်သူ)ဆီစက်မှ လှူဒါန်းပူဇော်သည်။

ထို့နောက် မိုးကုတ်မြို့နေ ဒေါ်သူဇာမြင့် မိသားစု ဒေါ်ပိုက်၊ ဒေါ်သိုက် မိသားစု၊ ဒေါ်သင်းသင်းရီ(ငွေ)စားသောက်ဆိုင် မိသားစုနှင့် ပုဂံညောင်ဦးမှ ဆွေတော်မျိုးတော်များက ပင့်သံဃာတော်အပါး ၁၃၀ တို့အား တစ်ပါးလျှင် ငွေကျပ်ငါးထောင်နှုန်းစီ လောင်းလှူပူဇော်ကြသည်။ (ဦးကျော်မျိုးမင်း)+ဒေါ်သင်းသင်းရီ(ငွေ)စားသောက်ဆိုင်မိသားစုတို့က မွေးနေ့ရှင်ဆရာတော်ကြီးအား ဆေးပဒေသာပင် ငွေကျပ်ငါးသိန်းလှူဒါန်းပြီး သံဃာတော်များအား နေ့ဆွမ်းကပ်လှူကာ ဧည့်ပရိသတ်တို့အား နေ့လယ်စာ ထမင်းကုသိုလ်ပြုကျွေးမွေးကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**
**(ဝ၅၁)**

## မန္တလေးတိုင်းဒေသကြီးအတွင်း၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မန္တလေး အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး အတွင်း လက်ရှိဖြစ်ပွားနေသည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်များတွင် ဖွဲ့စည်းထားသော ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းကော်မတီများက တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိသည်။

လက်ရှိတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်အနက် ၁၇ မြို့နယ်တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားလျက်ရှိရာ ချမ်းအေးသာစံမြို့နယ်က အများဆုံးနှင့် ဒုတိယအများဆုံးမှာ အောင်မြေသာစံမြို့နယ်တို့ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး၊ ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝင်းနိုင်က ပြောသည်။

"ကာကွယ်ရေးလုပ်ငန်းတွေအနေနဲ့ သန့်ရှင်းတဲ့ရေရရှိအောင် မြို့နယ်များမှာ ကလိုရင်းဆေးတွေခတ်တာ၊ ရေသန့်ဆေးပြားတွေထည့်တာတွေ လုပ်နေတယ်။ သန့်ရှင်းတဲ့ အစားအသောက်တွေဖြစ်အောင် ဈေးဆိုင်တွေမှာ ကွင်းဆင်းစစ်ဆေးပါတယ်။ ဈေးတွေက အများသုံးအိမ်သာတွေလည်း သန့်ရှင်းဖို့နဲ့ စာသင်ကျောင်းတွေမှာလည်း ပညာရေးဌာနနဲ့ ပူးပေါင်းပြီး ကျောင်းတွေမှာ ရောင်းချတဲ့ အစားအသောက်တွေကနေ ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်အောင် လုပ်ဆောင်နေတဲ့အပြင် ဌာနအသီးသီးနဲ့ချိတ်ဆက်ပြီး အသိပညာပေးဟောပြောပွဲတွေ ဆောင်ရွက်ပါတယ်"ဟု ၄င်းက ပြောသည်။

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားရန် အများပြည်သူအနေဖြင့် သောက်သုံးရေနှင့်အစားအစာသန့်ရှင်းရန်၊ အိမ်သာများ သန့်ရှင်းရန်၊ လက်ကိုစင်ကြယ်စွာ ဆေးကြောရန်၊ သံသယရှိပါက နီးစပ်ရာ ဆေးရုံဆေးခန်းများသို့ ပြသပြီး လိုအပ်ပါက ပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်ကုသရန် လိုအပ်ကြောင်းနှင့် ကုသရေးပိုင်းအနေနဲ့ အသက်ဆုံးရှုံးမှုမရှိစေရန် ကုသရေးအတွက် ဆေးနှင့် ဆေးပစ္စည်းများ ပြင်ဆင်ထားရှိသည်။



မန္တလေးတိုင်းဒေသကြီးတွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကို စက်တင်ဘာ ၁၀ ရက်က မန္တလေးမြို့၊ ခုတင်(၃၀၀)သင်ကြားရေးဆေးရုံတွင် တက်ရောက်သည့် လူနာတစ်ဦးမှ စတင်တွေ့ရှိခဲ့ပြီး အောက်တိုဘာလတွင် ဖြစ်ပွားမှုများပြားလာခဲ့ရာ အောက်တိုဘာ ၂၂ ရက်အထိ တိုင်းဒေသကြီးအတွင်း မြို့နယ် ၁၇ မြို့နယ်တွင် စုစုပေါင်း ၅၇၁ ဦးရှိရာ ချမ်းအေးသာစံမြို့နယ်တွင် ၁၁၀ ဦးဖြင့် အများဆုံးဖြစ်ပြီး အောင်မြေသာစံမြို့နယ်တွင် ၉၀ ဦးဖြင့် ဒုတိယအများဆုံးဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**
**(မန္တလေးနေ့စဉ်-၉)**

## စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဟောပြော၊ ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်ပြသခြင်း ဆောင်ရွက်

**ပူတာအို အောက်တိုဘာ ၂၄**

ကချင်ပြည်နယ်၊ ပူတာအိုမြို့တွင် ကျောင်းသားလူငယ်များ စာပေနှင့် ရင်းနှီးကျွမ်းဝင်စေရန်နှင့် စာဖတ်ရှိန်မြှင့်တင်စေရန်ရည်ရွယ်ကာ နယ်လှည့်စာကြည့်တိုက်၊ ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြသခြင်းနှင့် ဓာတ်ပုံပြပွဲများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက အ·ထ·က (ပူတာအို)ကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်တင်ချိုက နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေး ဟောပြောသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား သုတရသစာအုပ် ၁၀၀ အုပ် ငှားရမ်းပေးခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်များ၊ အေးချမ်းသာယာပြည်မြန်မာရောင်စုံ ဓာတ်ပုံပြပွဲများ ခင်းကျင်းပြသလျက်ရှိရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများက စိတ်ဝင်တစားကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## စိတ်ကောင်းထားလျှင် ချမ်းသာမည်

* ခဏရောက်ရ လူ့ဘဝ
ဖြူအောင်စိတ်ထားကြ ။
ဗုဒ္ဓဟောကြား မြတ်တရား
နှလုံးသွင်းကာထား ။
မသေခင်မှာ ကြိုတင်ကာ
ကျင့်ကြဘာဝနာ ။
ဒါန၊ သီလ ပါအောင်ယူ
သေသော်လည်းမပူ ။

* တစ်ပါးသူပေါ် ညှဉ်းဆဲသော်
ကိုယ့်လှည့်ရောက်မည်မျှော် ။
အတ္တကိုမင် ချစ်ခင်လျှင်
သေရင်ငရဲပင် ။
ငရဲကျမှ အမိတ
ရကြမိုက်နောင်တ ။
ဝင့်ကြွေးဆိုတာ ကပ်ပါလာ
မဆုံးသံသရာ ။

* မာနဖုံးလွှမ်း မေတ္တာခန်း
လျှောက်ရအမှောင်လမ်း ။
စိတ်ကောင်းမထား ထိုလူသား
ဆင်းရဲဒုက္ခများ ။
စိတ်ကောင်းထားလျှင် လူချစ်ခင်
ချမ်းသာမည်အစဉ် ။
ဒေါသ၊ မောဟ ခဝါချ
စိတ်ချမ်းသာမည်ပ ။ ။

**အောင်မျိုးမြတ်(မန္တလေး)**



## သတင်းပဒေသာ

### စာဖတ်ရှိန်မြှင့်တင်ရေး လှူငယ်ရေးရာအသိပညာပေးဟောပြော

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ကျောင်းအုပ်ဆရာမကြီး ဒေါ်မင်းမင်းစိုးက အဖွင့်အမှာစကားပြောကြားသည်။ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီလာစိုးက ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ လူငယ်နှင့်စာဖတ်ခြင်း ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

### ပရိဘောဂနှင့် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ကျိုင်းတုံမြို့နယ်အတွင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပရိဘောဂနှင့် စာအုပ်၊စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။

ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုးဝေက အမှာစကားပြောကြားသည်။ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုးဝေက ကျိုင်းတုံမြို့နယ်အတွင်း စံညီငါးရပ်နှင့် ကိုက်ညီသည့် ကျေးရွာစာကြည့်တိုက် ခုနစ်တိုက်အတွက် ငွေကျပ် ၁၄ သိန်းတန်ဖိုးရှိ စာအုပ်၊ စာစောင် ၈၄၀ အုပ်ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကလပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ်တွင် (Old Star) ဘောလုံးဖလား ကလပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီခွဲက ဟောကန်ရပ်ကွက်အတွင်းရှိ မြို့မအားကစားဘောလုံးကွင်း၌ ကျင်းပရာ ဗိုလ်လုပွဲတွင် ဝိန်းလိတ်ရပ်ကွက်အသင်းနှင့် သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ ထို့နောက် ဆုပေးပွဲအခမ်းအနား ဆက်လက်ကျင်းပရာ မိုင်းယန်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းသန့်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မြသလွန်စေတီတော်မြတ်ကြီး ပူဇော်ပွဲတော် ကျင်းပ

မကွေးတိုင်းဒေသကြီး၊ မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၈) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို သီတင်းကျွတ်လဆန်း (၁၀)ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁၄ရက် (အောက်တိုဘာလ ၁၂ ရက်မှ ၃၁ ရက်)အထိ ရက်ပေါင်း ၂၀ကြာ အစဉ်အလာမပျက် ကျင်းပလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

သထုံမြို့နယ်တွင် စက်မှုလယ်ယာဦးစီးဌာန၊အမှတ်(၇)အလတ်စား စက်ပြင်အလုပ်ရုံမှ စီစဉ်ဖွင့်လှစ်သည့် လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မြေနီကုန်းကျေးရွာရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(သထုံ)ကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဦးပွားဘုရား ဆွမ်းလောင်းစတီးစားပွဲများ ပြုလုပ်ရန် အလှူငွေများ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၂၄**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥဿျောင်ရပ်ကွက်ရှိ ရှေးဟောင်းဦးပွားဆုတောင်းပြည့်မြတ်စွာဘုရားကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းတော်လောင်းလှူပွဲတွင် လိုအပ်နေသော ဆွမ်းလောင်းစတီးစားပွဲများပြုလုပ်ရန်အတွက် ဒုတိယအကြိမ်မြောက်ငွေလှူဒါန်းပွဲကို အောက်တိုဘာ ၂၃ ရက် ညနေ ၅ နာရီက ဦးပွားဘုရားဝင်းအတွင်းရှိ သာသနဝိပုလသိမ်တော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားအား ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ဦးပွားဘုရားဂေါပကအဖွဲ့နှင့် အလှူရှင်မိသားစုတို့က နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီးနောက် ဒုတိယအကြိမ်ဆွမ်းလောင်းစတီးစားပွဲ ၁၀ခုံ အလှူရှင် ဦးပွားဘုရားဂေါပကအဖွဲ့ နာယကဘုရားဒါယကာ ဆရာကြီး ဦးတင်မောင်+ ဘုရားဒါယိကာမ ဆရာမကြီး ဒေါ်ခင်မြမြ၏ သားသမီးမြေးတစ်စု(သူရိန်နန်းကိုယ်ပိုင်အထက်တန်းကျောင်း)မိသားစုက အလှူငွေကျပ် သိန်း ၃၀ကို ပေးအပ်လှူဒါန်းရာ ဦးပွားဘုရားဂေါပကအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးသက်နိုင်ယုက လက်ခံရယူပြီး ဥက္ကဋ္ဌ ဦးမြင့်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ လယ်ဝန်ကျောင်းဆရာတော် ဘဒ္ဒန္တပညာသီရိ(မဟာသဒ္ဓမ္မဇောတိကဓဇ)က လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းချအမျှအတမ်းများ ပေးဝေသည်။



အဆိုပါ ဦးပွားဘုရားဆွမ်းလောင်းပွဲအတွက် ဆွမ်းလောင်းစတီးစားပွဲများလိုအပ်နေပါ၍ သဒ္ဓါကြည်ဖြူစေတနာရှင် အလှူရှင်များ ကုသိုလ်ပါဝင်လှူဒါန်းလိုပါက လယ်ဝန်ကျောင်းဆရာတော် ဘဒ္ဒန္တပညာသီရိ ဖုန်း ၀၉-၂၀၃၈၀၇၂၊ ဥက္ကဋ္ဌ ဦးမြင့်ဦး ဖုန်း ၀၉-၂၀၁၂၆၈၃၊ဒုတိယဥက္ကဋ္ဌ ဦးသက်နိုင်ယု ဖုန်း ၀၉-၇၇၇၇၇၇၈၂၁၊ အတွင်းရေးမှူး ဦးထွန်းလင်း ဖုန်း ၀၉-၂၀၂၅၅၅၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၆)



## စာကြည့်တိုက်အသစ် တည်ဆောက်မည့်မြေနေရာအား ပန္နက်တင်မင်္ဂလာ ကျင်းပ

**မင်းလှ အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ တောင်ဦးကျေးရွာတွင် နိုင်ငံတော်မှ လှူဒါန်းထောက်ပံ့ငွေဖြင့် ဆောက်လုပ်မည့် ကျေးရွာ စာကြည့်တိုက်အဆောက်အအုံပန္နက်တင်အခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီခွဲက အဆိုပါစာကြည့်တိုက်မြေနေရာ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ စာကြည့်တိုက်အဆောက်အအုံ အသစ်တည်ဆောက်မည့်မြေနေရာအား မြို့နယ်အဆင့် စာကြည့်တိုက်များ အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းအောင်နှင့် အဖွဲ့ဝင်များ၊ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး၊ တောင်ဦးကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာစာကြည့်တိုက်ကော်မတီအဖွဲ့ဝင်များက မင်္ဂလာအချိန်တွင် ရတနာပန္နက်တော်စိုက်ထူ၍ အမွှေးနံ့သာများ ပက်ဖျန်း ဆောင်ရွက်ခဲ့သည်။

မင်းလှမြို့နယ်တွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ မ,တည်ငွေကျပ် သိန်း ၁၅၀ ဖြင့် စာကြည့်တိုက်အဆောက်အအုံအတွက် ငွေကျပ်သိန်း ၁၀၀၊ပရိဘောဂဝယ်ယူရန် ငွေကျပ်သိန်း ၃၀၊စာအုပ်စာစောင်ဝယ်ယူရန် ငွေကျပ်သိန်း ၂၀ သတ်မှတ်၍ မင်းလှမြို့နယ်၊ တောင်ဦးကျေးရွာတွင် ဆောက်လုပ်မည့် စာကြည့်တိုက်အဆောက်အအုံအား ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## (၁၇)ကြိမ်မြောက် ဘုံကထိန်တော်သို့ ပဒေသာပင်များ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၂၄**

မန္တလေး၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်နှင့် နယ်စပ်တောင်တန်းဒေသဆရာတော် ဘဒ္ဒန္တတိက္ခအဘိဓဇမဟာရဋ္ဌဂုရုဦးဆောင်သည့် (၁၇)ကြိမ်မြောက် ကထိန်တော်အတွက် ပဒေသာပင်တစ်ပင်ကို ငွေကျပ် တစ်သိန်းတစ်သောင်းဖြင့် ရေစက်ချလှူဒါန်းကုသိုလ်ပြုလျက်ရှိရာ မန္တလေး၊ ချမ်းမြသာစည်မြို့နယ်နေ ဦးလှတင်+ဒေါ်သန်းခင် စိန်ရွှေရတနာကုန်သည်အား ရည်စူး၍ ဦးဘသောင်း+ဒေါ်ညွန့်ညွန့် မိသားစုက ပဒေသာပင်တစ်ပင်၊ ဦးယူ+ဒေါ်သစ်အထည်ကုန်သည်(ဓားတန်း)တို့အား ရည်စူး၍ ဦးဘသောင်း+ဒေါ်ညွန့်ညွန့်မိသားစုက ပဒေသာပင် စုစုပေါင်း နှစ်ပင်ကို ယမန်နေ့က လှူဒါန်းကုသိုလ်ပြုရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်(မန္တလေး)ရုံးကိုယ်စားကော်မတီဝင် ဦးစိုးနိုင်(ခ)ဦးအောင်စိုးနိုင်(တရားလွှတ်တော်ရှေ့နေ)က လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

အလားတူ အလှူရှင် မန္တလေး၊ မဟာအောင်မြေမြို့နယ်နေ ဒေါက်တာမြတ်ထွဋ်+ဒေါ်ငွေးငွေး မိသားစုက ပဒေသာပင်တစ်ပင်၊ မန္တလေး၊ မနော်ဟရီမြို့သစ်နေ မနန္ဒာ မိသားစုက ပဒေသာပင်တစ်ပင်၊ မန္တလေး၊ ဟောမာဇလရပ်နေ ဦးညွန့်ကြည်+ဒေါ်ရင်မေ(ညီနောင်အော့ဖ်ဆက်)က ပဒေသာပင်တစ်ပင်၊ မန္တလေးမြို့နေ MCDC သူငယ်ချင်းတစ်စုက စုပေါင်း၍ ပဒေသာပင် နှစ်ပင်၊ နေပြည်တော်နေ ဒေါ်ချိုမာ၊ ဒေါ်ဥမ္မာဇင်(ဦးစီးအရာရှိ)မိသားစုတို့က ပဒေသာပင်တစ်ပင် အသီးသီး လှူဒါန်းကြကြောင်း သိရသည်။

(အောက်ပုံ) (ကဆ)



# အမည်ကိုဆန် နေရပ်ပြန်တော့ နဘ်မိုးလုံး ခြိမ့်လိုကျော်

လွန်ခဲ့သော ဝါဆိုလကွယ်နေ့က ဖြစ်၏။ အဘိုးတို့ စကားဝိုင်းရှိရာ သုဓမ္မာဇရပ်ထဲသို့ ရောက်ခဲ့၏။ အဘိုးတို့နှင့်အတူ စကားဝိုင်းနားထောင်ကြမည့်သူတို့လည်း ရောက်နေကြ၏။ အဘိုးအိုတစ်ဦးက စတင်၍ စကားပြော၏။

"ကိုကြီးကြာခိုင်ရေ။ လွန်ခဲ့တဲ့ ဥပုသ်နေ့က အာမဝန်တာပြုခဲ့တဲ့အတိုင်း စကားကိုဆက်ရမှာပဲ"

"မှန်တာပေါ့ ကိုရင်တုတ်ပေါရာ လူဆိုတာ ဟုတ်ရမယ်၊ မှန်ရမယ်၊ တစ်ပါးသူ နှစ်သက်ရမယ်၊ ပြီးတော့ အကျိုးရှိရမယ် ဆိုတဲ့ စကားပြောနည်းအင်္ဂါနဲ့ ညီညီညွတ်ညွတ် စကားပြောရမယ်မဟုတ်လား ဒါကိုပဲ လူမှာကတိလို့ဆိုတယ် မဟုတ်လား"

"ကိုကြီးဘစော ပြောတဲ့အတိုင်း ပြောရတော့မှာပဲ အမည်ကိုဆန် ဆိုတာကို အရင်ရှင်းပြချင်တယ်။ လူသားတစ်ယောက် ဖွားမြောက်လာတာနဲ့ ပုခက်တင်မင်္ဂလာ၊ နာမည်ပေး ကင်ပွန်းတပ်မင်္ဂလာ၊ နားသမင်္ဂလာ၊ ရှင်ပြုမင်္ဂလာ၊ ထိမ်းမြားမင်္ဂလာ ဆိုတာတွေဟာ အရွယ်လိုက်ပြီး ပေါ်လာတဲ့မင်္ဂလာတွေပဲပေါ့။ အဲ့ဒီအထဲကမှ နာမည်ပေးကင်ပွန်းတပ်မင်္ဂလာဆိုတာ အရင်သိထားဖို့ လိုမယ်"

"အမည်ကို ဆန်စေ ဆိုတဲ့စကားအရ လူတစ်ယောက်ကို နာမည်ပေးတော့မယ် ဆိုရင် အထက်ကို ဆန်တက်ပြီးမှ နာမည်ပေးရမယ်လို့ ရှေးပညာရှိကြီးတို့ရဲ့ အဆိုအမိန့်ကို ကိုးကားပြီး ပန်းပဲမင်းကြီး ဦးမှိုကပြောခဲ့တယ်လို့ တို့ဆရာ ဘုန်းကြီးဦးဒါယိတ်က ဟော့ဒီ သုဓမ္မာဇရပ်ထဲမှာ ပြောခဲ့တာကို ကိုရင်ကြွက်ချီး မှတ်မိတယ် မဟုတ်လား"

"မှတ်မိပါရဲ့ ကိုရင် ယာပြန်ရာ။ လူတစ်ယောက် တနင်္ဂနွေနေ့မှာ မွေးဖွားတယ် ဆိုပါတော့ အဲ့ဒီတနင်္ဂနွေနေ့ဟာ မွေးဖွားသူရဲ့ အပင်နေ့လို့ခေါ်တယ် အဲ့ဒီ အပင်နေ့ရဲ့ ရှေ့နားမှာ ကပ်နေတဲ့ တနင်္လာနေ့ကိုတော့ အညွန့်နေ့လို့ခေါ်တယ် ဥစ္စာတိုးတဲ့နေ့လို့လည်းခေါ်ကြသေးတယ်"

"အပင်ဖြစ်တဲ့ တနင်္ဂနွေနေ့ကစပြီး ရေတွက်လိုက်တဲ့အခါ ငါးခုမြောက်ရောက်တဲ့ ကြာသပတေးနေ့ကိုတော့ ပဥ္စပွတ်နေ့လို့ ခေါ်တယ်။ တန်ခိုးကြီးတဲ့နေ့လို့လည်း ခေါ်ကြသေးတယ်။ အဲ့ဒီ အပင်ဖြစ်တဲ့ တနင်္ဂနွေနေ့ကစပြီး ခြောက်ခုမြောက်ရောက်တဲ့ သောကြာနေ့ကိုတော့ ဆ-ပွတ်နေ့လို့ ခေါ်တယ်။ လာဘ်ရတဲ့နေ့၊ တန်ခိုးကြီးတဲ့ နေ့လို့လည်း ခေါ်တယ်"

"အဲ့ဒီ မွေးဖွားတဲ့ တနင်္ဂနွေနေ့သား၊ တနင်္ဂနွေနေ့သမီးကို နာမည်ပေးတော့မယ်ဆိုရင် တနင်္ဂနွေနံထဲက အက္ခရာတစ်လုံးလုံးကို အရင်ထည့်ထားရမယ်ဆိုရင် အဲ့ဒီ တနင်္ဂနွေအက္ခရာတစ်လုံးနှင့် အညွန့်အက္ခရာထဲက တစ်လုံးကိုယူပြီး တွဲမှည့်လေ့ရှိတယ်။ ဥပမာ အေးကျော်ဆိုတဲ့ နာမည်မျိုးပေါ့"

"ပြီးတော့ အပင် တနင်္ဂနွေနဲ့ ဆ-ပွတ်နေ့ကိုလည်း တွဲပြီးမှည့်လေ့ရှိတယ်။ ဥပမာ အောင်မင်း ဆိုတာမျိုးပေါ့ အဲ့ဒီအပင်ဖြစ်တဲ့ တနင်္ဂနွေနေ့နဲ့ ဆ-ပွတ်နေ့တွဲပြီး မှည့်လေ့လည်းရှိတယ်။ ဥပမာ အေးသိန်း ဆိုတာမျိုးပေါ့"

"အပင်ဖြစ်တဲ့ တနင်္ဂနွေနေ့နဲ့ အညွန့်နေ့၊ ပဥ္စပွတ်နေ့တို့ကို တွဲပြီး မှည့်လေ့လည်းရှိတယ်။ ဥပမာ အောင်ကျော်မင်း ဆိုတာမျိုးပေါ့။ တစ်ခါ ဆ-ပွတ်နေ့နံကိုထည့်ပြီး လေးလုံးနံနာမည်ကိုလည်း မှည့်လေ့ရှိကြတယ်။ ဥပမာ အောင်ကျော်မင်းသိမ်း ဆိုတာမျိုးပေါ့"

"ဒီနေရာမှာ သေသေချာချာ မှတ်ရမှာက အပင်နေ့ကို ရှေ့ဆုံးက မပျက်မကွက်ထားပြီး အညွန့်နေ့၊ ပဥ္စပွတ်နေ့၊ ဆ-ပွတ်နေ့၊ သုံးလုံးကို အစ၊ အလယ်၊ အဆုံး လိုသလိုထားပြီး မှည့်လို့ရတယ် ဒါကိုလည်း မှတ်ထားကြရမယ်။ ဥပမာ အောင်မင်းသိမ်းကျော်၊ အောင်သိမ်းကျော်မင်း"

"တချို့ကလည်း အပင်ကို ချန်ထားပြီး အမြစ်ဖြစ်တဲ့ စနေနေ့နဲ့ အညွန့်ဖြစ်တဲ့ တနင်္လာနေ့ကို တွဲပြီးလည်း နာမည်မှည့်တတ်ကြသေးတယ်။ ရှားတော့ ရှားတယ်ပေါ့။ ဥပမာ တင်ခိုင် ဆိုတဲ့ နာမည်မျိုးပေါ့။ နောက်တစ်ခုရှိသေးတယ် အဲ့ဒါကတော့ ပဥ္စပွတ်နေ့၊ ဆ-ပွတ်နေ့ အညွန့်နေ့ သုံးလုံးကို တန်းစီပြီး မှည့်ကြသေးတယ်။ ဒါကလည်း ခပ်ရှားရှားပါပဲ။ ဥပမာ မြသောင်းကျော် ဆိုတာမျိုးပေါ့။ အဲ့ဒီ အမြင့်နဲ့ အညွန့် တွဲမှည့်တာမျိုး၊ ပဥ္စပွတ်၊ ဆ-ပွတ်၊ အညွန့်တွဲမှည့်တာမျိုး အဲ့ဒီ နှစ်မျိုးကတော့ ပြောလောက်အောင် မတွင်ကျယ်လှပါဘူး"။

"အပင်ကနေပြီး အကိုင်း သုံးကိုင်းဖြစ်တဲ့ အညွန့်နံ၊ ပဥ္စပွတ်နံ၊ ဆ-ပွတ်နံ တို့နဲ့ နာမည်မှည့်တာကတော့ အခိုင်မာဆုံး အကောင်းဆုံးပဲပေါ့၊ ဒီခေတ်မှာကတော့ ဖခင်ရဲ့နာမည် အားလုံးပဲဖြစ်ဖြစ်၊ နာမည်တစ်လုံးလုံးပဲ ဖြစ်ဖြစ်၊ သားသမီးရဲ့ နာမည် အဆုံးထည့်ပြီး မှည့်နေကြတယ်။ ဒါတွေဟာ မြန်မာ့ခလေ့မှာတော့ ဂျမ်းထိုးမှောက်ခုန်ကို မှားကုန်ကြတော့တာပဲ။ အထူးသဖြင့် မြို့က လူတန်းစားတွေ၊ သူဌေးသူကြွယ်တွေ၊ အရာရှိအရာခံတွေဟာ အမှည့်ဆုံး၊ အမှားဆုံးတွေပဲပေါ့။ အရိုးကိုအရွက်မဖုံးစေနဲ့ဆိုတဲ့ ရှေးထုံးစကားကိုမှ မလိုက်နာကြပဲကိုး"

"နေပါဦးလေ။ ကိုရင်ကြာခိုင်တို့ ပြောနေကြတဲ့ အပင်တွေ၊ အညွန့်တွေ၊ ပဥ္စပွတ်တွေ၊ ဆ-ပွတ်တွေဆိုတဲ့ အသံတွေက ရေသောက်မြစ် မဟုတ်တဲ ပင်လုံးပေင်စည်တွေ ဖြစ်နေကြပြီထင်တယ်။ ရေသောက်မြစ်ဖြစ်တဲ့ အရင်းကြကြ စကားလေးကိုပြောချင်သေးတယ်"။

"ပြောစမ်းပါ ကိုကြီးကြောင်ရာ"

"ဒီလိုလေ ကိုကြီးပုရဲ့။ ခင်ဗျားတို့ ကျုပ်တို့ရဲ့ မြန်မာစကားလုံးမှာ ကကြီးကစပြီး အ အဆုံးအထိ ၃၃လုံးရှိတယ်။ ဒါကို ဗျည်းလို့လည်းခေါ်တယ်။ အက္ခရာလို့လဲခေါ်တယ်။ တချို့ကို သရ လို့လည်းခေါ်တယ်။ အဲ့ဒီ ၃၃လုံးကို တနင်္ဂနွေ၊ တနင်္လာစတဲ့ ခုနစ်နေ့ ပိုင်ရာဆိုင်ရာတွေကို ရှင်းရှင်းလင်းလင်းပြောပြဖို့ လိုမယ်ထင်တယ်"။

"လိုတာပေါ့ ကိုကြီးဖုန်းရာ"

"ဒီလိုလေ ကိုကြီးခွေးရဲ့။ တနင်္ဂနွေနေ့ကို တစ်လို့ မှတ်ရမယ်။ အဲ့ဒီ တနင်္ဂနွေပိုင်တဲ့ အက္ခရာက "အ" တစ်လုံးထဲပဲရှိတာ။ ဒါ့ကြောင့် တနင်္ဂနွေနေ့ ဖွားတဲ့ သားတွေ၊ သမီးတွေဟာ "အ" တစ်လုံးကို အပင်ထားပြီး အေးတို့၊ အောင်တို့၊ အိမ်တို့ ရှေ့ကထားပြီး နာမည်မှည့်ကြရတယ်"

"တနင်္လာနေ့ကိုတော့ နှစ်လို့ မှတ်ရမယ်။ အဲ့ဒီတနင်္လာနေ့ပိုင်တဲ့ အက္ခရာတွေကတော့ "က၊ ခ၊ ဂ၊ ဃ၊ င" တွေပဲပေါ့။ ဒါ့ကြောင့် တနင်္လာနေ့ သားသမီးတွေဟာ အဲ့ဒီ "က၊ ခ" စတဲ့ ငါးလုံးထဲက တစ်လုံးလုံးကို ရှေ့ကထားပြီး နာမည်မှည့်ရမည်"

"အင်္ဂါနေ့ကိုတော့ သုံးလို့မှတ်ရမယ်။ အဲ့ဒီ အင်္ဂါနေ့ပိုင်တဲ့ အက္ခရာတွေကတော့ "စ၊ ဆ၊ ဇ၊ ဈ၊ ည" တွေပဲပေါ့။ ဒါ့ကြောင့် အင်္ဂါနေ့ သား၊ သမီးတွေဟာ အဲ့ဒီ "စ၊ ဆ" စတဲ့ ငါးလုံးထဲက တစ်လုံးလုံးကိုရှေ့ကထားပြီး နာမည်မှည့်ရမယ်"

"ဗုဒ္ဓဟူးနေ့ကိုတော့ လေးလို့မှတ်ရမယ်။ အဲ့ဒီ ဗုဒ္ဓဟူးနေ့ပိုင်တဲ့ အက္ခရာတွေကတော့ "ယ၊ ရ၊ လ၊ ဝ" တွေပဲပေါ့။ ဒါကြောင့် ဗုဒ္ဓဟူးနေ့ သားသမီးတွေဟာ အဲ့ဒီ "ယ၊ ရ" စတဲ့ လေးလုံးထဲက တစ် လုံးလုံးကို ရှေ့ကထားပြီး နာမည်မှည့်ရမယ်"

"ကြာသပတေးနေ့ကိုတော့ ငါးလို့ မှတ်ရမယ်။ အဲ့ဒီ ကြာသပတေး နေ့ပိုင်တဲ့ အက္ခရာတွေကတော့ "ပ၊ ဖ၊ ဗ၊ ဘ၊ မ" တွေပဲပေါ့။ ဒါကြောင့် ကြာသပတေးနေ့ သားသမီးတွေဟာ အဲ့ဒီ "ပ၊ ဖ" စတဲ့ ငါးလုံးထဲက တစ်လုံးလုံးကို ရှေ့ကထားပြီး နာမည်မှည့်ရမယ်"

"သောကြာနေ့ကိုတော့ ခြောက်လို့မှတ်ရမယ်။ အဲ့ဒီသောကြာနေ့ပိုင်တဲ့အက္ခရာတွေကတော့ "သနဲ့ဟ" ဖြစ်တယ်။ ဒါ့ကြောင့် သောကြာနေ့ သား၊ သမီးတွေဟာ "သနဲ့ဟ" တစ်လုံးကို ရှေ့ကထားပြီး နာမည်မှည့်ရမယ်"

"စနေနေ့ကိုတော့ (၇ (ဝ)) မှတ်ရမယ်။ ဒီ စနေနေ့ပိုင်တဲ့ အက္ခရာတွေကတော့ "ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ၊ တ၊ ထ၊ ဒ၊ ဓ၊ န" တွေပဲပေါ့။ ဒါကြောင့် စနေနေ့ သားသမီးတွေဟာ "ဋ၊ ဌ" စတဲ့ ၁၀လုံးထဲက တစ်လုံးလုံးကို ရှေ့ကထားပြီး နာမည်မှည့်ရမယ်"။

"ကဲ မိုးချုပ်သွားပြီ။ နောက်ဥပုသ်မှ ဆက်ကြစို့ ကိုကြီးကြာခိုင်ရေ"

အဘိုးတို့၏ စကားဝိုင်းသည် ရပ်သွား၏။ နေကလည်း အနောက်ဂေါ်ရာကျွန်းသို့ ယွန်းနေပြီးတည်း။ ။

**မောင်လောက**

## ညောင်ဦးမြို့နယ်၌ ပျားရည်ဈေးကောင်း၍ ပျားရှာဖွေရောင်းချသူများ လုပ်ငန်းအဆင်ပြေ

**ညောင်ဦး အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်တွင် ပျားရည်ဈေးကောင်းရရှိနေခြင်းကြောင့် ပျားရှာဖွေရောင်းချသူများ ဝင်ငွေကောင်းမွန်ကာ လုပ်ငန်းအဆင်ပြေလျက်ရှိသည်။



ညောင်ဦးမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် တောင်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းကိုသာ အဓိကစီးပွားဖြစ်လုပ်ကိုင်ကြပြီး အားလပ်ချိန်များတွင် ဒေသခံတောင်သူအချို့က တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုးပွားရေးအတွက် ပျားအုံများကိုရှာဖွေကာ ပျားရည်ထုတ်ယူရောင်းချခြင်းများကို လုပ်ကိုင်ကြရာ ပျားရည်တစ်ပုလင်းလျှင် ငွေကျပ် ၁၆၀၀၀ဈေးဖြင့် ရောင်းချရ၍ ဈေးကောင်းရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိသည်။

"ကျွန်တော်တို့ အညာကျေးလက်ဒေသတွေမှာ မိုးကောင်းသောက်စနစ်နဲ့ တောင်ယာစိုက်ပျိုးရေးလုပ်ငန်းနဲ့ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြတာပါ။ တောင်ယာလုပ်ငန်းခွင် အားလပ်ရက်အချိန် အချို့ကျေးရွာတွေမှာ တောင်သူတွေက ပျားရည်ဈေးကောင်း ရရှိတဲ့အတွက် ပျားအုံများကိုရှာဖွေပြီး ပျားရည်ထုတ်ယူ ရောင်းချတဲ့လုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ ပျားအုံကလဲ မိုးတွင်းကာလဆိုရင် ပျားရည်အတွက်နှုန်းလျော့နည်းပြီး ဆောင်းရာသီကာလမှာရရှိတဲ့ ပျားအုံများသာလျှင် ပျားရည်အတွက်နှုန်းကောင်းပြီး ပျားရည်အရသာလဲ ကောင်းမွန်ကာ ဆေးဖက်ဝင်ပျားရည်စစ်စစ်ကို ရရှိပါတယ်။ တစ်နေ့ကို အနည်းဆုံး ပျားရည် ၄ပုလင်း မှ ၆ပုလင်းအထိ ရှာဖွေရရှိပါတယ်။ လက်ရှိမှာပျားရည်ဈေးနှုန်းက တစ်ပုလင်းကို ငွေကျပ် ၁၆၀၀၀ဈေးနဲ့ ရောင်းချနေရပါတယ်။ ပျားရည်ဈေးကောင်းရရှိတဲ့အတွက် ပျားရှာဖွေကြသူများ လုပ်ငန်းအဆင်ပြေနေကြပါတယ်"ဟု ညောင်ဦးမြို့နယ် ဗြူကြီးကျေးရွာ ပျားရှာဖွေရောင်းသူ ဦးကျော်ဆင့်က ပြောသည်။

ညောင်ဦးမြို့နယ်အတွင်းရှိ အညာကျေးလက်ဒေသများတွင် ပျားရှာဖွေသူများသည် ပျားနွှောင်း ၊ ပျားကြီးအုံ၊ ပစ်သုန်းပျား၊ ပရင်း(ယင်း)ပျားအုံများကို ရှာဖွေရောင်းချကြပြီး ပျားရှာဖွေခြင်းလုပ်ငန်းကို ဆောင်းရာသီကာလ တန်ဆောင်မုန်းလတွင် စတင်လုပ်ကိုင်ကြကြောင်း ယခုနှစ်တွင် ပျားရည်ဈေး ကောင်းမွန်ကာ ပျားရှာဖွေရောင်းချသူများ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။ (ခဲပုံ) (၄၄၅)

## နယ်စပ်အရေးတင်းမာမှုပြေလျော့သွားပြီးနောက်ပိုင်းတွင် အိန္ဒိယဝန်ကြီးချုပ်နှင့် တရုတ်သမ္မတ ရုရှား၌တွေ့ဆုံ




**မော်စကို အောက်တိုဘာ ၂၄**

နှစ်နိုင်ငံ ဟိမဝန္တာနယ်စပ်ဒေသအရေး တင်းမာမှုပြေလျော့သွားပြီးနောက်ပိုင်းတွင် အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ နှစ်ဦး အောက်တိုဘာ ၂၃ ရက်က ရုရှား၌ တွေ့ဆုံခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ခေါင်းဆောင်နှစ်ဦးသည် ရုရှားနိုင်ငံ ကာဇန်မြို့တွင် လက်ခံကျင်းပသော ဘရစ်ခ်စ်ထိပ်သီးညီလာခံတက်ရောက်ရန် ရောက်ရှိလာစဉ် ၅ နှစ်အတွင်း ပထမဆုံးအကြိမ် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနှင့် တရုတ် နှစ်နိုင်ငံအကြား အဆိုပါ နယ်စပ်အရေးတင်းမာမှုကို လျှော့ချရန် ကင်းလှည့်သွားလာမှုကို နှစ်ဖက်ကြပ်မတ်ဆောင်ရွက်သွားရန် ညှိနှိုင်းသဘောတူညီပြီး ရက်အနည်းငယ်အတွင်း ၎င်းတို့နှစ်ဦး တွေ့ဆုံခဲ့ကြခြင်း ဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့နှစ်ဦး ရုရှားနိုင်ငံ၌ သီးခြားတွေ့ဆုံစဉ် အိမ်နီးချင်းနှစ်နိုင်ငံအကြား အပြန်အလှန် ဆက်ဆံရေး ပိုမိုကောင်းမွန်ပြီး တည်ငြိမ်စေရန်အတွက်သာမက ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် ဆွေးနွေးသဘောတူညီခဲ့ကြသည်ဟု အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဗီကရမ်မီဆရီက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**Mon**



## ဒေါ်နယ်ထရမ့်နှင့် ဆက်ဆံရေးကောင်းမွန်သည်ဟု ဗြိတိန်ဝန်ကြီးချုပ် ဆာကီယာစတာမာ ပြောကြား

**လန်ဒန် အောက်တိုဘာ ၂၄**

မိမိနှင့် ဒေါ်နယ်ထရမ့်အကြား ပုဂ္ဂိုလ်ရေးဆိုင်ရာ ဆက်ဆံရေးကောင်းမွန်သည်ဟု ဗြိတိန်ဝန်ကြီးချုပ် ဆာကီယာစတာမာ အောက်တိုဘာ ၂၃ ရက်က ထုတ်ဖော်ပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၎င်းဦးဆောင်သော အာဏာရအလုပ်သမားပါတီက အမေရိကန်နိုင်ငံရေးကို ဝင်ရောက်စွက်ဖက်နေသည်ဟု ထရမ့်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့ တိုင်စာပို့လိုက်ပြီဟု သတင်းပေါ်ထွက်လာပြီးနောက် ၎င်းက ထိုသို့ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။

မိမိတို့ပါတီမှ စေတနာ့ဝန်ထမ်းများ အမေရိကန်ရွေးကောက်ပွဲတွင် ပါဝင်လှုပ်ရှားဆောင်ရွက်ကြရန် ထွက်ခွာသွားကြသော်လည်း ပါတီ၏ ထောက်ပံ့ငွေဖြင့်သွားခြင်းမဟုတ်ကြောင်း ဆာကီယာစတာမာက ထပ်လောင်းအတည်ပြုခဲ့သည်။

ဗြိတိန်အလုပ်သမားပါတီမှ စေတနာ့ဝန်ထမ်းများ ဒီမိုကရက်တစ်သမ္မတလောင်း ကာမာလာဟဲရစ်အတွက် မဲဆွယ်စည်းရုံးပေးခဲ့ကြောင်း ကြားသိရပြီးနောက် ထရမ့်၏ မဲဆွယ်စည်းရုံးရေးအဖွဲ့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့ တိုင်စာပို့ရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

ဂါဇာကမ်းမြောင်ဒေသ ဂျာဘာလီယာဒုက္ခသည်စခန်းမှ ရွှေ့ပြောင်းထွက်ခွာနေကြသော ပါလက်စတိုင်းလူမျိုးစုဝင်များကို အောက်တိုဘာ ၂၃ ရက်က တွေ့ရစဉ်။

**Mon**



## ထရာမီဟု အမည်ပေးထားသောမုန်တိုင်းဒဏ်ကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် လူ ၂၆ ဦးထက်မနည်း သေဆုံးခဲ့ရ

**မနီလာ အောက်တိုဘာ ၂၄**

ထရာမီဟု အမည်ပေးထားသော အပူပိုင်းမုန်တိုင်းဒဏ်ကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် လူ ၂၆ ဦးထက်မနည်း သေဆုံးခဲ့ရသည်ဟု ဖိလစ်ပိုင်အစိုးရ သဘာဝဘေးဆိုင်ရာကယ်ဆယ်ရေးအဖွဲ့က အောက်တိုဘာ ၂၄ ရက်တွင် အတည်ပြုကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တစ်နာရီလေတိုက်နှုန်း ၉၅ ကီလိုမီတာအထိ ပြင်းထန်ခဲ့သော ယင်းမုန်တိုင်းကြောင့် အထူးသဖြင့် လူဇွန်ကျွန်းမကြီးပေါ်တွင် မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့သည်။

မိုးရေချိန်လွန်ကဲစွာ ရွာသွန်းခဲ့သဖြင့် ရက်အနည်းငယ်အတွင်း လူဇွန်ကျွန်းရှိ နေရာအနှံ့အပြားတွင် ရေကြီးမှုအခြေအနေ ဆိုးရွားခဲ့သည်။

မုန်တိုင်းနောက်ဆက်တွဲ မိုးရွာသွန်းမှုသည် ဖိလစ်ပိုင်နိုင်ငံအနှံ့အပြားသို့ ရောက်ရှိခဲ့ရာ လူပေါင်း ၁၆၃၀၀၀ ဦးကို ကယ်ဆယ်ရေးစခန်းများသို့ သက်ဆိုင်ရာက ကူညီရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

**Mon**






## အိန္ဒိယနိုင်ငံ ဒေလီမြို့တော် ပတ်ဝန်းကျင်လေထု မီးခိုးငွေ့များဖြင့် အုံ့ဆိုင်းကာ ညစ်ညမ်းလျက်ရှိ




**ဒေလီ အောက်တိုဘာ ၂၄**

အိန္ဒိယနိုင်ငံ ဒေလီမြို့တော် ပတ်ဝန်းကျင်လေထုထဲတွင် မီးခိုးငွေ့များဖြင့် အုံ့ဆိုင်းကာ ညစ်ညမ်းလျက်ရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လူဦးရေ သန်း ၃၀ ကျော်မှီတင်းနေထိုင်သော ထိုမြို့တစ်ဝန်းတွင် မိုးအကုန် ဆောင်းအကူး၌ ကျေးလက်ဒေသရှိ ရိုးပြတ်များမီးရှို့ရာမှ လွင့်ပျံ့လာသော မီးခိုးငွေ့များ၊ မော်တော်ယာဉ်များမှ ထွက်လာသည့် မီးခိုးငွေ့များနှင့် ဟိန္ဒူဘုရားကျောင်းများမှ ထွက်ပေါ်လာသော အမွှေးနံ့သာအငွေ့များ ရောနှောကာ လေထုညစ်ညမ်းလျက်ရှိသည်။

ယင်းလေထုညစ်ညမ်းမှုကြောင့် ဒေလီမြို့နေလူထု နှစ်စဉ်ထောင်နှင့်ချီ၍ သေဆုံးနေရကြောင်း သိရသည်။

**Mon**

## အသက်အကြီးဆုံး အမေရိကန်အမျိုးသမီး ၁၁၅ နှစ်အရွယ်ရောက်မှ ကွယ်လွန်

**ဝါရှင်တန် အောက်တိုဘာ ၂၄**

အမေရိကန်ပြည်ထောင်စု၏ အသက်အကြီးဆုံးမှတ်တမ်းဝင် အလစ်ဇဘတ်ဖရန်းစစ်(စ်) အမည်ရသော အမျိုးသမီးသည် ယမန်နေ့က အသက် ၁၁၅ နှစ်၌ ကွယ်လွန်သွားပြီဖြစ်ကြောင်း ဖောက်(စ်)သတင်းဌာနက ဖော်ပြသည်။

ဖရန်းစစ်(စ်)ကို ၁၉၀၉ ခုနှစ် ဇူလိုင် ၂၅ ရက်၌ အမေရိကန်ပြည်ထောင်စု၊ လူဝီစီယားနားပြည်နယ်တွင် မွေးဖွားခဲ့ပြီး ၎င်း၏ သက်တမ်းတစ်လျှောက် အမေရိကန်သမ္မတ အပြောင်းအလဲ ၂၀ ဦးနှင့် ကြုံတွေ့ခဲ့ရသည်။

ယခုကဲ့သို့ အသက်ရှည်စွာနေထိုင်ခဲ့ရခြင်း၏ အကြောင်းအရင်းမှာ ဆေးလိပ်နှင့် အရက်ကိုရှောင်ကြဉ်ခဲ့၍ဖြစ်သည်ဟု ဖရန်းစစ်(စ်)က မှတ်ချက်ပြုခဲ့ဖူးကြောင်း သိရသည်။

**WYN**

## တူရကီနိုင်ငံ၏မြို့တော် အန်ကာရာမြို့အနီးတွင် သေနတ်ပစ်ခတ်မှုကြောင့် လူလေးဦး သေဆုံး

**အန်ကာရာ အောက်တိုဘာ ၂၄**

တူရကီနိုင်ငံ၏မြို့တော် အန်ကာရာမြို့အနီးတွင် အောက်တိုဘာ ၂၃ ရက်က သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ လူလေးဦး သေဆုံးပြီး ၁၄ ဦး ဒဏ်ရာရခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တူရကီအစိုးရ လေကြောင်းအာကာသနှင့် ကာကွယ်ရေးကုမ္ပဏီရုံးချုပ်သို့ အကြမ်းဖက်သမားတစ်စု လာရောက်ရန်ပြုပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

ထိုရန်ပြုတိုက်ခိုက်မှုသည် အကြမ်းဖက်လုပ်ရပ်ဖြစ်သဖြင့် ကန့်ကွက်ရှုတ်ချကြောင်း ရုရှားနိုင်ငံရောက် တူရကီသမ္မတ ရေဆက်တေယစ်အာဒိုဂန်က ထုတ်ဖော်ပြောကြားသည်။

ဝန်ထမ်းပေါင်း ၁၅၀၀၀ ဦးခန့် တာဝန်ထမ်းဆောင်နေသည့် ထိုရုံးချုပ်တွင် ပထမဦးစွာ ကျယ်လောင်သော ပေါက်ကွဲသံကြားလိုက်ရပြီး သေနတ်သံများ ပေါ်ထွက်လာခြင်းဖြစ်ကြောင်း ပြည်တွင်းသတင်းမီဒီယာများတွင် ဖော်ပြသည်။

အကြမ်းဖက်သမားများက တူရကီအစိုးရ လေကြောင်းအာကာသနှင့် ကာကွယ်ရေးကုမ္ပဏီရုံးချုပ်အကြောင်းကို ကြိုတင်လေ့လာခဲ့ပြီးမှ တိုက်ခိုက်ရန် အကွက်ကျကျစီစဉ်ခဲ့ခြင်းဖြစ်မည်ဟု ကျွမ်းကျင်သူများက သုံးသပ်ကြောင်း သိရသည်။

**Mon**



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Taylor Swift က ဂီတခွေများကို လျှို့ဝှက်စွာပြုလုပ်ထား



ကမ္ဘာကျော်အဆိုတော် Taylor Swift နှင့် ရေဒီယိုအင်တာဗျူးတွင် ယခုနှစ်အခွေများ ဆက်တိုက်ထုတ်လုပ်ခဲ့ရာ အချက်အလက်များ မသိရ၍မေးမြန်းခဲ့ရာမှ လျှို့ဝှက်စွာ ပြုလုပ်ထားသည်ဟု ဖြေဆိုခဲ့ကြောင်း ဟောလိဝုဒ်အတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အင်တာဗျူးတွင် Taylor Swift က ပရိတ်သတ်များကို အံ့အားတသင့်ဖြစ်စေလိုပြီး ဘာလုပ်မည်ဆိုသည်ကို ကြိုမသိစေချင်၍ နောက်ပိုင်းဂီတများကို လျှို့ဝှက်စွာ ပြုလုပ်ခဲ့သည်ဟု ပြောကြားသွားသည်။

ယခင်က တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံများအရ Taylor Swift က အလုပ်တွဲလုပ်သည့် လူတိုင်းကို NDA ထိုးခိုင်းခဲ့ပြီး မူပိုင်ခွင့်မှတ်ပုံတင်ကို ည ၁၂ နာရီထွက်မည်ဆိုလျှင် မနက်မှ အဖွဲ့ကို မှတ်ပုံသွားတင်ခိုင်းကာ The Tortured Poets Department by Taylor Swift, Taylor Swift Production ဟု ပေးခဲ့ပြီး နောက်နေ့မှ သီချင်းနာမည်၊ သီချင်းအပုဒ်ရေ၊ တေးရေး၊ ဂီတ၊ ထုတ်လုပ်သူကို စာရင်းအပြည့်အစုံနှင့် ဖိုင်သွားပေးခိုင်းပြီး ထွက်မည့်နေ့မှ မှတ်ပုံတင်သည်ဟု ထပ်မံပြောကြားခဲ့သည်။ (SKY)

## နှင်းဆီပန်းအမျိုးမျိုး ဆင့်ကဲပြောင်းလဲလာပုံအကြောင်း တရုတ်သုတေသီများ လေ့လာဖော်ထုတ်တွေ့ရှိ



တစ်ကမ္ဘာလုံးရှိ နှင်းဆီပန်းများကွဲပြားနေပုံအကြောင်းကို ဘိုက်စ်သွမ်ဆင်အဖွဲ့အစည်းမှ ပါမောက္ခကျန်းချွန်ဖေဦးဆောင်သော တရုတ်သုတေသီများ မကြာသေးမီက ဆန်းစစ်လေ့လာခဲ့ကြသည်။

အဆိုပါသုတေသီများသည် အရှေ့ကမ္ဘာနှင့် အနောက်ကမ္ဘာမှ နှင်းဆီပန်းများ မျိုးကွဲနေရခြင်းအကြောင်းအရင်းကို မျိုးရိုးဗီဇအရ ခွဲခြမ်းစိတ်ဖြာလေ့လာခဲ့ကြခြင်းဖြစ်သည်။

ထိုသို့လေ့လာရာမှ နှင်းဆီပန်းများသည် အလိုအလျောက်မျိုးရိုးဗီဇဆင့်ကဲပြောင်းလဲလာခြင်းဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

အဆိုပါတွေ့ရှိချက်ကို နေးချားသိပ္ပံဂျာနယ်တွင် စာတမ်းရေးသားပြီး တင်ပြထားကြောင်း သိရသည်။

SCI

## Justin Bieber က ၁၉၉၀နောက်ပိုင်း ဂီတကျော်ကြားသူများတွင် ထိပ်ဆုံးရရှိ

ထင်ရှားကျော်ကြားသော ၁၉၉၀နောက်ပိုင်း ဂီတပညာရှင်များစာရင်းကို ၂၀၀၄မှ၂၀၂၄ခုနှစ်အထိ စာရင်းပြုစုထားရာ ဂျက်စတင်ဘီဘာက ထိပ်ဆုံးစာရင်းဝင်ခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါစာရင်းတွင် ကမ္ဘာကျော် ဂီတအနုပညာရှင်များ ပါဝင်ကြကာ ထိပ်ဆုံးငါးဦးစာရင်း၌ ဂျက်စတင်ဘီဘာ၊ မိုင်လေဆိုင်းရပ်စ်၊ စလီနာဂိုးလ်မက်စ်၊ အာရီနာဂရမ်ဒီနှင့် အက်ရှ်ရှာရမ်တို့ စာရင်းဝင်ခဲ့သည်။

နံပါတ်ခြောက်မှ တစ်ဆယ့်လေးနေရာတွင် ဒီမီလိုမာတို၊ ဟယ်ရီစတိုင်လစ်၊ ဘီလီအင်ဂလိပ်ရှ်၊ သည်ဝီကင်းဇန်မာလိတ်၊ ကာဒီဘီ၊ဘီတီအက်စ်မှဗွီ၊ဂျောင်ကုနှင့် ရှာဝမ်မန်ဒီတို့ အသီးသီးရရှိခဲ့ကြသည်။

ကမ္ဘာကျော်ဂီတပညာရှင်များနှင့်အတူ ကေပေါ့ပ်အနုပညာရှင်နှစ်ဦး ပါဝင်မှုအပေါ် မလို မုန်းထားသူများအတွက် မနှစ်မြို့စရာဖြစ်ခဲ့ကြသည်ဟု ဆိုသည်။

SKY



## Huang Zitao က ချစ်သူကို နောင်ဘဝအထိ ဆက်ဆုံမည်ဟုဆို

တရုတ်အနုပညာရှင် အိပ်ဖိုအဖွဲ့ဝင်ဟောင်း Huang Zitao သည် ရသစုံအစီအစဉ်တစ်ခုတွင် ထူးခြားစွာ ချစ်သူကိုလက်ထပ်ခွင့်တောင်းခဲ့ပြီးနောက် အပိုင်းသစ်တွင် ဆုတောင်းကတ်ရေးသားခဲ့ရာ နောင်ဘဝအထိ ဆက်ဆုံမည်ဆို၍ ပရိသတ် သဘောကျနေကြသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါ ရသစုံအစီအစဉ်တွင် ဆုတောင်းကတ်ရေးသားကြရာ၌ ဟွမ်ဇီတောင်က နှစ်ကတ်ရေးသားခဲ့ရာ "အနာဂတ်တွင် မျှော်လင့်သည့်အတိုင်းဖြစ်ရန် မျှော်လင့်သည်နှင့် ပျော်ရွှင်သည့်မိသားစုသည် အရာရာကြွယ်ဝ၍(မိသားစု၊ ပျော်ရွှင်မှု၊ ကျန်းမာရေး)တစ်ဘဝလုံး(XYY. HZT)နောင်ဘဝလည်း ဆက်ဆုံမည်" ဟူ၍ရေးသားထားသဖြင့် ပရိသတ်များ သူ၏အချစ်ကို သဘောကျနေကြသည်။

ဟွမ်ဇီတောင်နှင့် ချစ်သူရှောင်ယီယန်တို့မှာ သုံးနှစ်သုံးမိုးချစ်သူများဖြစ်ခဲ့ပြီး ယခုမှ ချစ်သူရသကဲ့သို့ ချစ်တတ်နေသည့် ဟွမ်ဇီတောင်ကို ပရိသတ်များက မှတ်ချက်ကောင်းများ ပေးထားကြသည်။ (SKY)

## Jang Nara ၏ Good Partner က Daesang ဆုရမည်ဟု ဆို



အနုပညာရှင်မင်းသမီး Jang Nara ပါဝင်ထားသည့် Good Partner မှာ ၂၀၂၄ခုနှစ်အတွင်း SBS မှ ထုတ်လွှင့်ကာ အားပေးမှုနှန်းမြင့်မား၍ SBS ၏ဒေဆောင်းဆုကိုရလိမ့်မည်ဟု ထင်ကြေးပေးထားပြီး ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် အမျိုးသမီးဒါရိုက်တာ၊ အမျိုးသမီး ဇာတ်ညွှန်း၊ အမျိုးသမီးသရုပ်ဆောင်တို့ လက်စွမ်းပြထားကြပြီး Jang Nara ၏ သရုပ်ဆောင်စွမ်းရည် ကောင်းမွန်သဖြင့် SBS ဒေဆောင်း ဆုရလိမ့်မည်ဟု ပရိသတ်များ မှတ်ချက်ပေးထားကြသည်။

Jang Nara အိမ်ထောင်ကျပြီးနောက် ပထမဦးဆုံး ရိုက်ကူးထားသည့် ဇာတ်ကားလည်းဖြစ်သည်။ (SKY)



## 2NE1 မှ Park Bom က Lee Min Hyo ၏ အမာခံပရိသတ်ဖြစ်

2NE1 အဖွဲ့ဝင် Park Bom သည် သရုပ်ဆောင် အဆိုတော် လီမင်ဟို၏ အမာခံပရိသတ်တစ်ဦးဖြစ်သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Park Bom သည် 2NE1 အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ၂၀၁၅ခုနှစ်မှ ၂၀၁၈ခုနှစ်အတွင်း ပျောက်ကွယ်နေရာမှ အခက်အခဲများစွာကို ရင်ဆိုင်ကျော်ဖြတ်၍ ၂၀၁၉ခုနှစ်တွင် ပြန်ပေါ်လာခဲ့ကာ အရေးကြီးကိစ္စများတွင်သာ မြင်တွေ့ရပြီး ကျန်းမာရေးကြောင့် ခန္ဓာကိုယ်အပြောင်းအလဲ ဖြစ်ခဲ့ရသည်။

၂၀၂၄ခုနှစ် 2NE1 Tour ကြော်ငြာပြီး ပျောက်ကွယ်ရာမှ ပြန်ပေါ်လာသောအခါ ၂၀၁၄ခုနှစ် ပတ်ဘွန်းပုံစံနှင့် မြင်တွေ့ကြရပြီး လီမင်ဟိုနှင့်တွဲနေသည့် သတင်းထွက်လာခဲ့၍ ပတ်ဘွန်းက လီမင်ဟိုကိုသူ၏အမာခံ ပရိသတ်တစ်ဦးဖြစ်သည်ဟု သူ၏အင်စတာဂရမ်မှတစ်ဆင့် တုံ့ပြန်ပြောကြားထားသည်။ (SKY)

## BTS မှ Suga @Min Yoongi က Spotify တွင် Agust D ၏ Stream အများဆုံးသီချင်းဖြစ်

BTS အဖွဲ့ဝင် Suga @ Min Yoongi ၏ အမှုပိတ်သိမ်းပြီးနောက် Spotify တွင် Agust D ၏ Stream အများဆုံးသီချင်းအဖြစ် ရပ်တည်နေသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကမ္ဘာ့ဂီတ iTunes အယ်လ်ဘမ်ချပ်တွင် D DAY က နံပါတ် ၉၂၊ ကမ္ဘာ့ဂီတ i Tunes ဂီတချပ်တွင် snooze နံပါတ် ၅၂၊ ဥရောပ i Tunes အယ်လ်ဘမ်ချပ်တွင် D Day က ၅၉၊ August D က ၆၄၊ D2 က ၆၈၊ ဥရောပ i Tunes၊ ဂီတချပ်တွင် snooze က ၃၅၊ Global Digital Artist တွင် August D က ၂၀ နှင့် ကိုရီးယားကေပေါ့ပ်အက်တွင် ၂၅ ခုမြောက် Stream အများဆုံးဖြစ်လာခဲ့သည်။

ပရိသတ်အချို့က ဆူဂါ၏ ရက်ပ်စွမ်းရည်ကို ကမ္ဘာကသိခဲ့ပြီး ဆံပင်ရှည်နှင့်ဘုရင်က မာဖီးယားတစ်ယောက်ကို အောင်မြင်မှု လွှဲပေးလိုက်သည့် ခံစားချက်မျိုးဖြစ်သည်ဟု ဆိုကြသည်။ (SKY)



## ဒေါ်ဗျားပါ(၄)ဦး၊ ဦးဆန်းဝေယံမင်းခန့်(တရားလွှတ်တော်ရှေ့နေ စဉ်-၁၈၄၅၀)နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်(၆၈၁)၊ ၂၈လမ်း၊ ၈၁လမ်းနှင့် ၈၂လမ်းကြားနေထိုင်သူ ဦးသူရထွန်းဇော်(ဘ)ဦးတင်မောင်ထွန်း(၁၂/သကတ(နိုင်)၁၉၅၀၉၁) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းအပ်ပါသည်။

မန္တလေးမြို့၊ သံလျက်မော်အရှေ့အကွက်(၄၂၃) ဦးပိုင်(၁-ဏ)ဘိုးဘပိုင်မြေကွက်၏ ပိုင်ရှင်များဖြစ်သော ဒေါ်ဗျားပါ(၄)ဦးတို့နှင့် ဦးသူရထွန်းဇော်တို့မှ ၁-၁-၂၀၂၃ရက်၌ ၎င်းမြေပေါ်တွင် လူနေ RC (၅)ထပ် ကန်ထရိုက်မှ မိမိစရိတ်ဖြင့် ဆောက်လုပ်ပြီး တစ်ခြမ်းပေးတစ်ခြမ်းယူစနစ်ဖြင့် ခွဲဝေယူရန် နှစ်ဦးသဘောတူစာချုပ် ချုပ်ဆိုခဲ့ကြပါသည်။

၎င်းနေ့၌ မြေပိုင်ရှင်များ မြေပေါ်မှ ဖယ်ရှား၍ အငှားနေထိုင်ရန် ဦးသူရထွန်းဇော်မှ ဒေါ်ဗျားပါ(၄)ဦး လက်ဝယ်သို့ ငွေကျပ်သိန်း(၂၀၀၀၀၀၀၀)ကျပ်တိတိကို ပေးအပ်ခဲ့ပါသည်။

လုပ်ငန်းစတင်လုပ်ကိုင်၍ RC (၃)ထပ်အကြမ်းတည်ဆောက်လုပ်ပြီးစီးသည့်အချိန်တွင် မီးဝန်ထမ်းတစ်ဦးမှ မတော်တဆမှုဖြင့် ဓာတ်လိုက်သေဆုံးခဲ့၍ လုပ်ငန်းခေတ္တရပ်ဆိုင်းထားခဲ့ရကြောင်း ဦးသူရထွန်းဇော်ပြောပြ၍ သိရှိရပါသည်။

ကန်ထရိုက်တာမှ ဆက်လက်လုပ်ကိုင်ရန်အတွက် သက်ဆိုင်ရာရုံး၌ာနအသီးသီးသို့ အိမ်ဆောက်မိန့်၊ ခွင့်ပြုမိန့်များ၊ တောင်းခံနေစဉ် မြေပိုင်ရှင်များမှ ဟန့်တားခြင်းများ လုပ်ငန်းလုပ်ကိုင်ရာ၌ နှောင့်ယှက်ခြင်းများ၊ ဆောက်လုပ်ပြီးစီးခြင်းမရှိသေးသော အဆောက်အအုံအတွင်းသို့ ဦးသူရထွန်းဇော်၏ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်နေထိုင်ကြကြောင်း ဦးသူရထွန်းဇော်ပြောပြချက်အရ သိရှိရပါသည်။

၁-၁-၂၀၂၃ ရက်စွဲပါစာချုပ်တွင်ပါရှိသော စည်းကမ်းချက် (၄)ပါအကြောင်းအရာများနှင့် ဆန့်ကျင်ပြီး မြေပိုင်ရှင်များမှ ဖောက်ဖျက်ကျူးလွန်ကြောင်း ဦးသူရထွန်းဇော်ပြောပြချက်အရ သိရှိရပါသည်။

စာချုပ်စည်းကမ်းချက်(၅)ပါအရ အိမ်ဆောက်မိန့်ရရှိပြီးနောက် (၁၅)လ သတ်မှတ်ကာလသည် ကန်ထရိုက်တာ၏ လုပ်ကိုင်ရန် လုပ်ပိုင်ခွင့်များ သတ်မှတ်ထားသည့်အချိန်ကာလဖြစ်၍ စာချုပ်မှာ ယနေ့အချိန်အထိ ပျက်ပြယ်ခြင်း မရှိသေးပါ။

မြေပိုင်ရှင်နှင့် ကန်ထရိုက်တာ ဖြေရှင်းညှိနှိုင်းသဘောတူညီမှုရရှိမှသာလျှင် အဆိုပါမြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံကို မြေပိုင်ရှင်များမှ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်းများ အတည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ မြေပိုင်ရှင်မှ မိမိသဘောအရ ပြုမူဆောင်ရွက်ပါက ကန်ထရိုက်တာ ဦးသူရထွန်းဇော်မှ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ဗျားပါ(၄)ဦးနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ကြေညာသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **သူရထွန်းဇော်(ဘ)ဦးတင်မောင်ထွန်း** | **ဒေါ်ဝါဝါကျော်(LL.B)** |
| **(၁၂/သကတ(နိုင်)၁၉၅၀၉၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၉၀)** |
| **အကွက်(၆၈၁)၊ ၂၈လမ်း၊ ၈၁လမ်းနှင့် ၈၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။** | **အကွက်(၃၇၇)၊ သံလျက်မော်အနောက် မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။** |

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၇၀၆)၊ ဦးပိုင်အမှတ်(၄၀-စ)၊ ဧရိယာ(၀ ဒသမ ၀၂၈၉)ဧက အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်နှင့် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ်(၇၄၆)၊ ဦးပိုင်အမှတ်(၄၆)၊ ဧရိယာ(၀ ဒသမ ၀၃)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်၊ စုစုပေါင်းမြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးစိုင်းအိုက်ဆာ(ဘ)ဦးဖူယုံတင်(၁၃/လရန(နိုင်)၀၈၃၈၆၇)မှ တရားဝင်အမည်ပေါက် လက်ရှိနေထိုင်ပိုင်ဆိုင်ထားသော မြေကွက်များဖြစ်ပါသည်။

အဆိုပါမြေကွက်များနှင့် ပတ်သက်၍ ကျွန်ုပ်၏အမှုသည် မသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ပါရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက တည်ဆဲတရားဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုင်းအိုက်ဆာ ၏ လွှဲအပ်ချက်အရ**

| | |
|---|---|
| **ဒေါ်သီသီအောင်(စဉ်-၄၅၆၄)** | **ဒေါ်သဥ္ဇာဝင်း(LL.B)(စဉ်-၁၁၄၂၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**ဖုန်း ၀၉-၄၃၀၆၁၁၉၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံ/နောက်၊ အကွက်(၃၇၄)၊ မင်းကုန်းရပ်အတွင်းရှိ (၁၄×၄၅)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ (ရေ+မီး)နှင့်တကွ မြေပေါ်-မြေအောက် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးတို့ကို ပိုင်ဆိုင်သူဟု အဆိုရှိသူ ဦးသန်းနိုင်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဖိုးခိုင်(ဘ)ဦးမော်က ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယခုသတင်းစာကြေညာပါသည့်ရက်မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ရက်အတွင်း ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဦးဖိုးခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်နှင်းသူ(ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ**

**အကွက်(ဆဆ-၆/၂၇)၊ ၅၄(အေ)လမ်း၊ အောင်ပင်လယ်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၀၄၄၉၁၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ တောမကျေးရွာ၊ ကွင်းအမှတ်(၁၁၂-က)/တောမအရှေ့၊ ဦးပိုင်အမှတ်(၃၅)၏ အရှေ့ဘက်ခြမ်း(ခဲနီပြသထားသော) ဧရိယာ(၁ ဒသမ ၀၀)ဧက အကျယ်အဝန်းရှိ ဦးကျော်ကျော်ဝေအမည်ပေါက် အရှေ့လားသော် ဦးပိုင်(၃၇)မြေအစပ်၊ တောင်လားသော် ဦးပိုင်မှတ်(၃၄)+ဦးပိုင်(၄၀)မြေအစပ်၊ အနောက်လားသော် ဦးပိုင်(၃၅)ကျန်မြေအစပ်၊ မြောက်လားသော် ဦးပိုင်(၃၆)မြေအစပ်စသည့် အလား(၄)ရပ်အတွင်းရှိ စက်မှုဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော ခိုင်ရွှေဝါအမည်ဖြင့် သောက်ရေသန့် လုပ်ငန်းစက်ရုံအပါအဝင် အဆိုပါသောက်ရေသန့်လုပ်ငန်းနှင့် ဆက်စပ်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း/မရွှေ့ပြောင်းနိုင်သော ပစ္စည်းရပ်များအားလုံးတို့နှင့်တကွ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်ကျော်ဝေ(ဘ)ဦးကျော်ညွှန့်(၉/စကတ(နိုင်)၀၆၀၆၇၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသန်းနိုင်ဦး** | **ဒေါ်ပွင့်ဖြူကျော်** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**၃၅(D)လမ်း၊ လမ်း၉၀နှင့် ၉၁လမ်းကြား၊ အကွက်အမှတ်(၃၃၆)၊ စိန်ပန်းရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၃၁၀၂၈၉၈၊ ၀၉-၂၅၈၅၈၅၉၈၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အပိုင်း(၉)၊ ဦးပိုင်(၆၀)၊ (၄၀×၆၀)ပေ၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးမြင့်ရွှေ(ဘ)ဦးချစ်လှိုင်(YSO-145124 ၊ ၉/မရတ(နိုင်)၀၇၃၂၇၈)အမည်ဖြင့် မြေနေရာချထားပေးခဲ့ခြင်းဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ပတ်သက်သည့် စာရွက်စာတမ်းမူရင်းများအားလုံး အသိမ်းလွန်၍ ပျောက်ဆုံးခဲ့ခြင်းကြောင့် သက်ဆိုင်ရာဌာနများတွင် ပြန်လည်၍ တင်ပြလျှောက်ထားသွားမည်ဖြစ်ပြီး၊ မူလဂရန်အမည်ပေါက် ဦးမြင့်ရွှေထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် သဘောတူညီထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်သည့် စာရွက်စာတမ်းမူရင်းများနှင့်အတူတကွ လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

**ဝယ်ယူမည့်သူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်ဇော်လင်း(LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| | |
|---|---|
| **ဒေါ်ဆုမွန်သန်း** | **ဒေါ်သရဖီဝင်း** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**လမ်း ၄၀(A)၊ ၅၅လမ်းနှင့် ၅၆လမ်းကြား၊ မ-၄၇/၂၁+၂၂၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၆၈၃၉၀၄၁၈၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၀)၊ ဦးပိုင်အမှတ်(၆၁)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်အေးသန္တာဆွေ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သံဖရိန်(၂)ထပ်၊ ရေ+မီး(ဆက်လက်သုံးစွဲပိုင်ခွင့်)အပါအဝင် နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်၊ ကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဦးဇော်မျိုးထွေး(ဘ)ဦးတိုး(၅/မကန(နိုင်)၀၃၃၃၇၅)မှ ကျွန်ုပ်တို့၏ မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေကလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ခိုင်ထွန်း(LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**၁၀လမ်းနှင့် ၁၁လမ်းကြား၊ ၈၆လမ်းနှင့် ၈၇လမ်းကြား၊ ညောင်ကွဲရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၄၁၀၀၅၅၀၄**

## ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ကုန်းတန်းလေးကျေးရွာ စံပယ်လမ်းသွယ်(၂)နေ ဦးကျော်ဇင်ဦး၏ ဇနီး ဒေါ်နီနီမိုး(၈/ရစက(နိုင်)၂၇၁၈၆၁)သည် မိသားစုအတွက် လက်ခံနိုင်ဖွယ်မရှိသောကိစ္စရပ်များကို ပြောဆိုဆုံးမသည့်ကြားမှ အကြိမ်ကြိမ်ကျူးလွန်ခဲ့သောကြောင့် ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သော လူမှုကိစ္စအဝဝနှင့် ငွေရေးကြေးရေး အရှုပ်အရှင်းများကို (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးကျော်ဇင်ဦး**

**(၈/ရစက(နိုင်)၁၇၈၉၂၇)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ ယင်းတောကျေးရွာ၊ (အဘ)ဦးအေးလွင်၊ (အမိ)ဒေါ်အေးအေးစမ်း(၅/ရဘန(နိုင်)၁၀၅၃၅၉)တို့၏ သမီးဖြစ်သူ မသိမ့်သူဇာညို(၅/ဝလန(နိုင်)၁၇၇၈၁၇)သည် မိဘနှစ်ပါးအား အမျိုးမျိုးဒုက္ခပေးပြီး မိဘများ၏ ဆိုဆုံးမမှုအား မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး အိမ်မှ မိမိသဘောဆန္ဒအရ ထွက်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်၍ နောက်နောင်တွင် ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးအေးလွင်+ဒေါ်အေးအေးစမ်း**

## ပျောက်ဆုံးကြောင်း

ဦးကျော်စွာဝင်း(ဘ)ဦးမောင်ဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/မညန(နိုင်)၀၇၆၁၃၀)ကိုင်ဆောင်သူ၏ Passport No.MB.064829 သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဦးကျော်စွာဝင်း**

**ဖုန်း ၀၉-၇၅၇၆၄၂၉၂၂**

## ပျောက်ဆုံးကြောင်း

ဒေါ်စမ်းစမ်းဆွေ(ဘ)ဦးကျောက်လုံး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/မညန(နိုင်)၀၈၂၈၀၅)ကိုင်ဆောင်သူ၏ Passport No.MB-064832 သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဒေါ်စမ်းစမ်းဆွေ**

**ဖုန်း ၀၉-၇၉၂၈၈၉၃၃၅**

# ကမ္ဘာ့မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ်အခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၄

ကမ္ဘာ့မီဒီယာနှင့်သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ် (Global Media and Information Literacy Week) အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ ဇေယျာသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်တို့မှ အခြေခံပညာအထက်တန်းကျောင်းများနှင့် ခေတ်ရေ့ဆောင်ကိုယ်ပိုင်အထက်တန်းကျောင်းတို့မှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ ဝေဖန်သုံးသပ်ခွဲခြားသည့်ပညာပေးမှတ်တမ်းဗီဒီယိုများကို ပြသသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် နှစ်စဉ်အောက်တိုဘာလ၏စတုတ္ထပတ်ကို ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှု ရက်သတ္တပတ်အဖြစ် UNESCO က ဦးဆောင်၍ ၂၀၁၂ ခုနှစ်ကတည်းက ကမ္ဘာတစ်ဝန်းကျင်းပလာခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်တွင် စတင်ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ ယနေ့ အခမ်းအနားကို ကျင်းပရသည့် ရည်ရွယ်ချက်မှာ ကမ္ဘာတစ်ဝန်းရှိ သက်ဆိုင်သူများအားလုံးအတွက် မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ တိုးတက်မှုကို ပြန်လည်သုံးသပ်ရန်၊ သတင်းရယူမှုအခြေအနေတိုးမြှင့်လာစေရန်နှင့် မီဒီယာနှင့်သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ တိုးတက်မှုကို ဂုဏ်ပြုရန်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိ ပြည်သူလူထု၏ အသိပညာများမြှင့်တင်ရေး စည်းရုံးလှုံ့ဆော်မှုများ ဆောင်ရွက်ရန်ဖြစ်ပါကြောင်း။

၂၀၂၄ ခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာမီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု ရက်သတ္တပတ်၏ ဆောင်ပုဒ်သည် “The New Digital Frontiers of Information: Media and Information Literacy for Public Interest Information” “သတင်းအချက်အလက် ဒစ်ဂျစ်တယ်နယ်နိမိတ်အသစ်၊ ပြည်သူ့အကျိုးစီးပွား သတင်းအချက်အလက်အတွက် မီဒီယာနှင့်သတင်းအချက်အလက် သိနားလည်မှု” ဖြစ်ပြီး အခမ်းအနားနှင့် ပတ်သက်သည့် လှုပ်ရှား ဆောင်ရွက်မှုများကို အောက်တိုဘာ ၂၄ ရက်နှင့် ၂၅ ရက်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။



ဆိုရှယ်မီဒီယာကို အကျိုးရှိရှိ အသုံးချစေလိုကြောင်း၊ ရှေ့ဆက်ရမည့်ဘဝကိုလည်း စာပေ၊ အသိပညာ၊ အတတ်ပညာများဖြင့် ဖြတ်သန်းစေလိုကြောင်း၊ စာများများ ဖတ်စေလိုကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း လူငယ်များကို တန်ဖိုးထား၊ အလေးထားပါကြောင်း၊ လူငယ်ကဏ္ဍသည် အရေးကြီးသည့်အတွက် ခေတ်မီနည်းပညာများကို ကျွမ်းကျင်တတ်မြောက်ကြစေ လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ အသိပညာပေးစကားဝိုင်းတွင် ပါဝင်ဆွေးနွေးမည့် ဆရာ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားသို့တက်ရောက်လာသည့်ကြီးကြပ်ဆရာ ဆရာမများအား မီဒီယာနှင့် သတင်းအချက်အလက် ဆိုင်ရာ စာအုပ်များ ပေးအပ်လှူဒါန်းသည်။


ဆက်လက်၍ စကားဝိုင်းဆွေးနွေးပွဲကို “မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု အရေးပါပုံ” ခေါင်းစဉ်ဖြင့် ဆက်လက်ကျင်းပရာ ဒေါက်တာတင်ဘုန်းကျော်က ညှိနှိုင်းရေးမှူးအဖြစ်ဆောင်ရွက်ပြီး ဒေါက်တာကျော်ကျော်လင်း၊ စာရေးဆရာမ ဒေါ်သက်သက်နွယ် (သက်သက်နွယ်- ရန်ကုန်တက္ကသိုလ်)၊ ဒေါ်ဝင့်အေး(တရားလွှတ်တော်ရှေ့နေ)တို့က Artificial Intelligence (AI) နည်းပညာ ဖြစ်ပေါ်လာပုံ၊ နည်းပညာ၏ကောင်းကျိုး၊ ဆိုးကျိုး၊ တီထွင်ဖန်တီးနိုင်မှု၊ စိန်ခေါ်မှုများ၊ AI နည်းပညာနှင့် မီဒီယာဆက်စပ်မှု၊ သတင်းတု၊ သတင်းမှား၊ လုပ်ကြံသတင်းများနှင့် အမုန်းစကားများ ပျံ့နှံ့စေသည့် လူမှုမီဒီယာများ၊ ဆိုရှယ်မီဒီယာ၏ ကောင်းကျိုး၊ ဆိုးကျိုး၊ ဆက်သွယ်ရေးဥပဒေတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး (**အပေါ်ပုံ**) ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပါဝင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုအရေးပါပုံနှင့်စပ်လျဉ်း၍ အပြန်အလှန်မေးခွန်းများ မေးမြန်းဖြေကြားကြရာ ဆုရရှိသူများအား ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် ပါဝင်ဆွေးနွေးသည့် ဆရာ ဆရာမများက ဆုများချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး ကြီးကြပ်ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ကိတ်မုန့်များ ဖောက်ပေးခဲ့သည်။

သတင်းစဉ်

# အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း “ဒါနာ”၏ အရှိန်ကြောင့် နေရာကွက်၍မိုးကြီးခြင်းများနှင့် လေပြင်းတိုက်ခြင်းများဖြစ်ပေါ်နိုင်




နေပြည်တော် အောက်တိုဘာ ၂၄

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “ဒါနာ” (DANA) သည် မြောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းသို့ ရောက်ရှိခဲ့ကာ မြန်မာနိုင်ငံ စစ်တွေမြို့၏အနောက် - အနောက်တောင်ဘက် ရေမိုင် ၃၀၀ ခန့်၊ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် ဒမ်မရာမြို့၏

စာမျက်နှာ ၈ သို့ ❖




# လတ်ဗီးယားနိုင်ငံတွင် ပြုလုပ်နေသည့် ဖီဖာအလုပ်ရုံဆွေးနွေးပွဲ မြန်မာအဖွဲ့ တက်ရောက်

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က လတ်ဗီးယားနိုင်ငံတွင် ပြုလုပ်သည့် FIFA Technical Leadership Introductory Workshop for Technical Directors and leadership collaboration with General Secretaries အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်နှင့် နည်းစနစ်ဒါရိုက်တာ မိတမီချီတဲရိုတို့ တက်ရောက်လျက်ရှိသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲအား အောက်တိုဘာ ၂၁ မှ ၂၅ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး နည်းစနစ်ဒါရိုက်တာအသစ်များ၏ လုပ်ငန်းတာဝန်များ၊ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု၊ ဖီဖာနှင့်ဆက်သွယ်ဆောင်ရွက်မှုများ ပိုမိုကောင်းမွန်လာရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ အထွေထွေအတွင်းရေးမှူးသစ်များနှင့် သက်ဆိုင်သည့် Workshop သို့ ဆွီဒင်၊ ချီလီ၊ ကနေဒါ၊ အီကွေတိုရီယယ်ဂွီနီယာနှင့် မြန်မာတို့မှ အထွေထွေအတွင်းရေးမှူးသစ်များ တက်ရောက်ကြသည်။

(NGB)

၀-၀-၀-၀-၀

# မြန်မာနှင့် တရုတ်(ဟောင်ကောင်)အမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းတို့ ခြေစမ်းပွဲ ဒုတိယပွဲစဉ်တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၄

FIFA နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပွဲ မြန်မာအမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းနှင့် တရုတ်(ဟောင်ကောင်)အမျိုးသမီး ဘောလုံးအသင်းတို့၏ ဒုတိယ ပွဲစဉ်ကို အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယနေ့မွန်းလွဲ ၃ နာရီ ၁၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Parliament Channel နှင့် မြန်မာ့အသံရေဒီယိုတို့ မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပေးမည်ဖြစ်သည်။

သတင်းစဉ်